## ဓမ္မခန္ဓာ (၁၁) "ဟုဒ်"

ဉာဏ်စဉ်ကိန်းပေးမှု အမှတ်စဉ်– ၅၂။ သုတ်ဒေသနာ– ၁၂၃ ပါး။

ဦးဖေလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّهِ الرَّحْمـَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် –၁း၁

| | |
|---|---|
| ၁။<br><br>✡ ၁၀း၁ | **الَر كِتَابٌ أُحْكِمَتْ آيَاتُهُ ثُمَّ فُصِّلَتْ مِن لَّدُنْ حَكِيمٍ خَبِيرٍ**۞<br>အလက်ဖ်၊လမ်၊ရာ✡ ဤသည် သုတ်ဒေသနာ ဥပဒေ ကျမ်းတော် ဖြစ်၍၊ ဓမ္မသတ်ရှင်၊ သတင်းသိနေသော အရှင်၏ ထံမှ ဆုံးဖြတ်ရှင်းလင်းချက်များ ဖြစ်၏။ |
| ၂။ | **أَلاَّ تَعْبُدُواْ إِلاَّ اللّهَ إِنَّنِي لَكُم مِّنْهُ نَذِيرٌ وَبَشِيرٌ**۞<br>ပရမတ်ဘုရားရှင်မှ အပ မကိုးကွယ်ကြလင့်၊ ကျွန်ုပ်သည် အရှင့်ထံမှ သင်တို့အဘို့ သတိပေးသူ၊ သတင်းကောင်း ဆောင်လာသူပင် ဖြစ်၏။ |
| ၃။ | **وَأَنِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُمَتِّعْكُم مَّتَاعًا حَسَنًا إِلَى أَجَلٍ مُّسَمًّى وَيُؤْتِ كُلَّ ذِي فَضْلٍ فَضْلَهُ وَإِن تَوَلَّوْاْ فَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ كَبِيرٍ**۞<br>သင်တို့၏ ကံကြမ္မာရှင်ထံ၌ လွတ်ငြိမ်းဆုများ ပန်ကြလော့၊ ထို့နောက် အရှင့်ထံသို့ ခဝါချကြလော့၊ အရှင်သည် သတ်မှတ်ထားသည့် အချိန်ထိ သင်တို့အား ကောင်းမွန်သော ခံစားမှုကို ဖြည့်ဆီးတော်မူလတ္တံ့။ သိက္ခာပေးတတ်သူ တိုင်းအား သိက္ခာပြန်ပေးခြင်း ခံရလတ္တံ့။ အကယ်၍ ဘက်လှည့်သွားကြလျှင်၊ ကျွန်ုပ်သည် အသင်တို့အတွက် ဝဋ်ကြွေးသင့်မည့် နေ့တော်ကြီးအား စိုးရိမ်လှချေ၏။ |
| ၄။ | **إِلَى اللّهِ مَرْجِعُكُمْ وَهُوَ عَلَى كُلِّ شَيْءٍ قَدِيرٌ**۞<br>သင်တို့သည် ပရမတ်ဘုရားရှင်ထံသို့သာ ဦးလှည့်ရမည် ဖြစ်၏၊ အရှင်သည် ခပ်သိမ်းကုန်းအား စည်းချိန်ချမှတ်တော်မူ၏။ |
| ၅။ | **أَلا إِنَّهُمْ يَثْنُونَ صُدُورَهُمْ لِيَسْتَخْفُواْ مِنْهُ أَلا حِينَ يَسْتَغْشُونَ ثِيَابَهُمْ يَعْلَمُ مَا يُسِرُّونَ وَمَا يُعْلِنُونَ إِنَّهُ عَلِيمٌ بِذَاتِ الصُّدُورِ**۞<br>အရှင့်ထံမှ ထိန်ဝှက်ရန် အလို့ငှာ သူတို့၏ ရင်ဘတ်များကို ခေါက်ထားကြကုန်၏။[၅၃၉] သူတို့ကိုယ် သူတို့ ကွယ်ဝှက်ဖုံးဖိ နေစဉ်တွင်၊ အရှင်သည် သူတို့၏ ထိန်ဝှက်ခြင်း၊ ဖွင့်ဟခြင်းများကို သိနေတော်မူ၏၊ အရှင်သည် ရင်တွင်း၌ ရှိသည်များကို သိနေတော်မူပေ၏။ |
| ၆။ | **وَمَا مِن دَآبَّةٍ فِي الأَرْضِ إِلاَّ عَلَى اللّهِ رِزْقُهَا وَيَعْلَمُ مُسْتَقَرَّهَا وَمُسْتَوْدَعَهَا كُلٌّ فِي كِتَابٍ مُّبِينٍ**۞<br>ဤလောက၌ ရိက္ခာအတွက် ပရမတ်ဘုရားရှင်အား မတည်မှီရသော သတ္တဝါဟူ၍ မရှိချေ။ အရှင်သည် ၎င်း နေထိုင် |

---

(၅၃၉) **ယာ့စ်နူးန ဆိုဒူးရ်–صُدُور يَثْنُونَ** သူတို့၏ ရင်ဘတ်များကို ခေါက်ထားကြ၏ ဆိုသည်မှာ သူတို့သည် ရင်ထဲ၌ လျှို့ဝှက်ကြံစည်နေကြသည်ဟု ဆိုလိုပေသည်။

| | |
|---|---|
| | ရာနှင့် အန္တိမကို သိနေတော်မူ၏၊ ခပ်သိမ်းကုန်သည် ထင်ရှားစွာသော မှတ်တမ်း၌ ရှိ၏။ |
| ၇။<br><br><br>✡ ၁၀း၃ | وَهُوَ الَّذِي خَلَق السَّمَاوَاتِ وَالأَرْضَ فِي سِتَّةِ أَيَّامٍ وَكَانَ عَرْشُهُ عَلَى الْمَاء لِيَبْلُوَكُمْ أَيُّكُمْ أَحْسَنُ عَمَلاً وَلَئِن قُلْتَ إِنَّكُم مَّبْعُوثُونَ مِن بَعْدِ الْمَوْتِ لَيَقُولَنَّ الَّذِينَ كَفَرُواْ إِنْ هَذَا إِلاَّ سِحْرٌ مُّبِينٌ ۞<br>အရှင်သည် မိုးများနှင့် မြေကမ္ဘာအား ကာလ ခြောက်ခုဖြင့် ဖြစ်တည်စေတော်မူ၏၊ အရှင်၏ ထပ်ဆင့်ကွပ်ကဲမှုကို✡ ရေသို့ လွှမ်းစေ၏။[၅၄၀] ယင်းမှာ သင်တို့အနက်မှ အကောင်းမွန်ဆုံး ကျင့်ကြံသူအား ခွဲခြားသိရန် အလို့ငှာ ဖြစ်၏။ သို့သော် "သင်တို့သည် သေပြီးနောက် ပြန်လည် ပေါ်ထွန်းရမည်"ဟု သင် ပြောသောအခါ၊ ဖုံးကွယ်သူများက "ဤသည် ရှင်းလင်းသော မှော်အတတ်ပင်တည်း၊"ဟု ဆိုကြလတ္တံ့။ |
| ၈။<br><br><br><br>၈း၃၃ | وَلَئِنْ أَخَّرْنَا عَنْهُمُ الْعَذَابَ إِلَى أُمَّةٍ مَّعْدُودَةٍ لَّيَقُولُنَّ مَا يَحْبِسُهُ أَلاَ يَوْمَ يَأْتِيهِمْ لَيْسَ مَصْرُوفًا عَنْهُمْ وَحَاقَ بِهِم مَّا كَانُواْ بِهِ يَسْتَهْزِؤُونَ ۞<br>ငါက အသိုင်းအဝိုင်း တစ်ခုအား သူတို့နှင့် စပ်လျဉ်းသည့် ဝဋ်ကြွေးကို သတ်မှတ်ထားသည့် အချိန်ထိ နောက်ဆုတ်ထားတော်မူလျှင်၊ "မည်သည်က တားဆီးထားသနည်း၊"ဟု မေးကြလတ္တံ့။ အမှန်စင်စစ် သူတို့ထံသို့ ဆိုက်ရောက်လာသော ကာလ၌၊ ၎င်းတို့အား ရပ်တန့်ပစ်နိုင်သူ မရှိချေ၊ သူတို့ လှောင်ပြောင်ခဲ့သော အရာသည် သူတို့အား အမှုပတ်ပေလိမ့်မည်။ |
| ၉။ | وَلَئِنْ أَذَقْنَا الإِنْسَانَ مِنَّا رَحْمَةً ثُمَّ نَزَعْنَاهَا مِنْهُ إِنَّهُ لَيَئُوسٌ كَفُورٌ ۞<br>လူသားအား ငါ၏ ကရုဏာတော်အား မြည်းစမ်းစေပြီး၊ ထို့နောက် ၎င်းကို သူထံမှ ဖယ်ခွာသောအခါ၊ သူသည် စိတ်ပျက်လက်လျှော့၍၊ ဖုံးကွယ်တော့၏။ |
| ၁၀။ | وَلَئِنْ أَذَقْنَاهُ نَعْمَاء بَعْدَ ضَرَّاء مَسَّتْهُ لَيَقُولَنَّ ذَهَبَ السَّيِّئَاتُ عَنِّي إِنَّهُ لَفَرِحٌ فَخُورٌ ۞<br>သူ့အား မွန်းကြပ်စေပြီးနောက် ဘုန်းကျက်သရေကို မြည်းစေသောအခါ၊ "အကုသိုလ်များသည် ကျွန်ုပ်ထံသို့ မသွားနိုင်ပေ၊"ဟု ရင့်ကျူးလျှက် မြူးထူး ကြွားဝါတော့၏။ |
| ၁၁။ | إِلاَّ الَّذِينَ صَبَرُواْ وَعَمِلُواْ الصَّالِحَاتِ أُوْلَئِكَ لَهُم مَّغْفِرَةٌ وَأَجْرٌ كَبِيرٌ ۞<br>သို့သော် သည်းခံလျှက်၊ ပြုပြင်မှု ပြုသူများမှာ ထိုသို့မဟုတ်။ ထိုသူများအတွက် လွတ်ငြိမ်းခွင့်နှင့် ကြီးမားသော အကျိုးဆုလဒ်ရှိနေ၏။ |
| ၁၂။<br><br><br><br>✡ ၂း ၃၀ | فَلَعَلَّكَ تَارِكٌ بَعْضَ مَا يُوحَى إِلَيْكَ وَضَآئِقٌ بِهِ صَدْرُكَ أَن يَقُولُواْ لَوْلاَ أُنزِلَ عَلَيْهِ كَنزٌ أَوْ جَاء مَعَهُ مَلَكٌ إِنَّمَا أَنتَ نَذِيرٌ وَاللّهُ عَلَى كُلِّ شَيْءٍ وَكِيلٌ ۞<br>"သူ့အား ကျောက်မျက်ရတနာ အဘယ်ကြောင့် မချပေးသနည်း၊ သို့မဟုတ် သူနှင့်အတူ နိမိတ်ဆောင်တစ်ပါး✡ အဘယ်ကြောင့် မရောက်စေသနည်း၊"ဟု ဆိုခြင်းကြောင့်၊ သင့်ထံ၌ အာရုံဝင်စားပေးရာမှ အချို့ကို ချန်ထားနိုင်ရာ၏၊ သင့် |

---

(၅၄၀) ဤကမ္ဘာဂြိုလ်နှင့် ဆက်စပ်နေသော နေမိသားစုကို အချိန်ကာလ (၆)ကာလပိုင်းခြား၍ ဖြစ်တည်စေသည်ဟု ကျမ်းတော်က မကြာခဏ ဖော်ပြပေသည်။ ၇း၅၄။ ၁၀း၃။ ၁၃း၂။ ၂၀း၅။ ၂၅း၅၉။ ၃၂း၄ တွင်ကြည့်ပါ။ ဤကာလ အပိုင်းအခြားများတွင် ကမ္ဘာမြေက သက်ရှိအား လက်ခံ နိုင်သည့် အပိုင်းအခြား၊ သက်ရှိများ ဆက်လက် ဖွံ့ဖြိုးစေသည့် အပိုင်းအခြားများ ပါဝင်ပေသည်။ ကမ္ဘာမြေဂြိုလ်၏ မိသားစုဝင် ဂြိုလ်များကို ကာလ (၂)ခုဖြင့် ဖြစ်တည်စေည် (၄၁း၁၂)။ ကမ္ဘာဂြိုလ်နှင့် အာကာသရှိဂြိုလ်များသည် မူလက တစ်ပေါင်းတစ်တည်းရှိရာမှ ပေါက်ကွဲ လွင့်စင် ဖြစ်တည်လာခြင်း ဖြစ်တည်လာခြင်း ဖြစ်သည် (၂၁း၃၀)။ ထိုအာကာသသည် မူလက ဓါတ်ငွေ့ထုကြီး ဖြစ်ခဲ့သည်၊ (၄၁း၁၁)။ ထိုသို့ အဆင့်ဆင့် ဖြစ်တည်လာရန် ကာလ(၆) ခုကြာသည်ဟု ကျမ်းတော်က ဆိုပြီး။ သက်ရှိများသည် ဖြစ်တည်ရန် ရေသည် မရှိမဖြစ်လိုသည် ဟုဆိုသည်(၂၁း၃၀) ထို့ကြောင့် ကမ္ဘာဂြိုလ်၏ ဖြစ်တည်မှု အခန်းကဏ္ဍတွင် ရေသည် သက်ရှိများအတွက် အဓိက အကျဆုံးဖြစ်၍၊ "ထပ်ဆင့်ကွပ်ကဲမှုကို ရေသို့ လွှမ်းစေ၏" ဟု ဆိုထားခြင်း ဖြစ်ပေသည်။ အာကာသနှင့် ဂြိုလ်များ၏ ဖြစ်တည် ဆက်စပ်မှုကို (၂း၂၇) တွင်ကြည့်ပါ။

| | |
|---|---|
| | ရင်ကို ကြပ်တည်းစေရာ၏။ အသင်သည် သတိပေးနှိုးဆော်သူ မျှသာ ဖြစ်၏၊ ပရမတ်ဘုရားရှင်သည်ကား ခပ်သိမ်းကုန်အား အုပ်ထိန်းသူ ဖြစ်ချေသတည်း။ |
| ၁၃။<br><br><br><br>၂း၂၃ | **أَمْ يَقُولُونَ افْتَرَاهُ قُلْ فَأْتُواْ بِعَشْرِ سُوَرٍ مِّثْلِهِ مُفْتَرَيَاتٍ وَادْعُواْ مَنِ اسْتَطَعْتُم مِّن دُونِ اللّهِ إِن كُنتُمْ صَادِقِينَ ۞**<br>သို့မဟုတ် "သူသည် ဤသည်ကို လုပ်ကြံဖန်တီးထား၏၊"ဟု ဆိုကြ သူတို့အား၊ "အသင်တို့သည် ဤနှင့်တူသော ဓမ္မခန္ဓာ ဆယ်ပါးကို ဖန်တီးယူလာပြလော့၊ သင်တို့သည် ဖြောင့်မှန်သူများ ဖြစ်ကြလျှင်၊ ထို့အတွက် ပရမတ်ဘုရားရှင်အား ဂုဏ်တုပြိုင်လျှက် ခေါ်လိုသူများကို ခေါ်ကြလော့၊"ဟု တောင်းဆိုလော့။ |
| ၁၄။ | **فَإِن لَّمْ يَسْتَجِيبُواْ لَكُمْ فَاعْلَمُواْ أَنَّمَا أُنزِلِ بِعِلْمِ اللّهِ وَأَن لاَّ إِلَـهَ إِلاَّ هُوَ فَهَلْ أَنتُم مُّسْلِمُونَ ۞**<br>သူတို့သည် ဖြေကြားနိုင်ခြင်း မရှိလျှင်၊ ဤသည် ပရမတ်ဘုရားရှင်က ဉာဏ်စဉ်တော်အားဖြင့် ချမှတ်ပေးခြင်းဖြစ်၍၊ အရှင်မှအပ အခြားဘုရားဟူ၍ မရှိကြောင်း သူတို့အား အသိပေးလျှက် "သင်တို့သည် ငြိမ်းချမ်းရေးဝါဒီများ ဖြစ်ကြမည်လော၊"ဟု မေးမြန်းလော့။ |
| ၁၅။ | **مَن كَانَ يُرِيدُ الْحَيَاةَ الدُّنْيَا وَزِينَتَهَا نُوَفِّ إِلَيْهِمْ أَعْمَالَهُمْ فِيهَا وَهُمْ فِيهَا لاَ يُبْخَسُونَ ۞**<br>ဤလောကီဘဝအား လိုလားလျှက်၊ စည်းစိမ်ရှိလို သူတို့အား၊ သူတို့ ကျင့်ကြံသော လုပ်အားခကို ဖြည့်ဆီးပေးတော်မူမည်။ လုံးဝလျှော့ပေါ့ခြင်း မရှိစေရ။ |
| ၁၆။ | **أُوْلَـئِكَ الَّذِينَ لَيْسَ لَهُمْ فِي الآخِرَةِ إِلاَّ النَّارُ وَحَبِطَ مَا صَنَعُواْ فِيهَا وَبَاطِلٌ مَّا كَانُواْ يَعْمَلُونَ ۞**<br>ထိုသို့သော သူများ၏ အတွက် နောင်ဘဝတွင် အပူမီးမှအပ အခြား မရှိချေ။ သူတို့၏ အားထုတ်မှုများသည် အချိုးနှီးသာ ဖြစ်၍၊ သူတို့၏ ကျင့်ကြံမှုများသည်လည်း အရာမထင်တော့ချေ။ |
| ၁၇။<br><br><br><br><br>ကုရ်အံ<br>ကျမ်း | **أَفَمَن كَانَ عَلَى بَيِّنَةٍ مِّن رَّبِّهِ وَيَتْلُوهُ شَاهِدٌ مِّنْهُ وَمِن قَبْلِهِ كِتَابُ مُوسَى إَمَامًا وَرَحْمَةً أُوْلَـئِكَ يُؤْمِنُونَ بِهِ وَمَن يَكْفُرْ بِهِ مِنَ الأَحْزَابِ فَالنَّارُ مَوْعِدُهُ فَلاَ تَكُ فِي مِرْيَةٍ مِّنْهُ إِنَّهُ الْحَقُّ مِن رَّبِّكَ وَلَكِنَّ أَكْثَرَ النَّاسِ لاَ يُؤْمِنُونَ ۞**<br>သူသည် ကံကြမ္မာရှင်၏ထံမှ ရှင်းလင်းထင်ရှားပေးသော **အရာ**ပေါ်၌ ရှိသူဖြစ်သလော၊ **၎င်း**ကို အရှင့်ထံမှ သက်သေတစ်ပါးမှ ရွတ်ဖတ်ပြ၏။ **ထိုအရာ**မတိုင်မီ ရှေ့ဆောင်လမ်းပြနှင့် ကရုဏာတော်ဖြစ်သည့် မူဆာ၏ ကျမ်းတော်တစ်ပါးရှိ၏။ သူတို့သည် ထိုကျမ်း၌ ယုံကြည်ကြ၏။ အုပ်စုအမျိုးမျိုးမှ ကျမ်းတော်အား မယုံကြည်သူတို့အတွက် အပူမီးသည် စောင့်ဆိုင်းနေ၏။ ထို့ကြောင့် **ထို၌** သံသယ အလျှဉ်း မဖြစ်လင့်။ ဤသည် သင့်ကံကြမ္မာရှင်၏ ထံမှ သစ္စာတရားပင် ဖြစ်၏။ သို့သော် လူသား အများစုကြီးသည် ယုံကြည်ကြသည် မဟုတ်ချေ။ |
| ၁၈။ | **وَمَنْ أَظْلَمُ مِمَّنِ افْتَرَى عَلَى اللّهِ كَذِبًا أُوْلَـئِكَ يُعْرَضُونَ عَلَى رَبِّهِمْ وَيَقُولُ الأَشْهَادُ هَؤُلاء الَّذِينَ كَذَبُواْ عَلَى رَبِّهِمْ أَلاَ لَعْنَةُ اللّهِ عَلَى الظَّالِمِينَ ۞**<br>ပရမတ်ဘုရားရှင်နှင့် စပ်လျှဉ်း၍ လီဆည် ဖန်တီးသူထက် အဘယ်သူက ပိုမို မိုက်မဲလေသနည်း၊ သူတို့အား ကံကြမ္မာရှင်၏ ရှေ့တော်မှောက်သို့ ရောက်စေလတ္တံ့။ ထိုအခါ သက်သေများက "ဤသူတို့သည် ကံကြမ္မာရှင်နှင့် စပ်လျှဉ်း၍ လီဆည်ခဲ့ကြ၏၊"ဟု ထွက်ဆိုကြ၍။ ပရမတ်ဘုရားရှင်၏ ထံမှ ကံကြီးသင့်စေမှုသည် အမိုက်စီးသူတို့အား သင့်စေ၏။ |
| ၁၉။ | **الَّذِينَ يَصُدُّونَ عَن سَبِيلِ اللّهِ وَيَبْغُونَهَا عِوَجًا وَهُم بِالآخِرَةِ هُمْ كَافِرُونَ ۞**<br>သူတို့သည် ပရမတ်ဘုရားရှင်၏ လမ်းစဉ်တော်၌ ဟန့်တားကြ၏။ ၎င်းအား ကောက်ကွေ့ခြင်းကို ရှာကြံကြ၏။ နောင်ဘဝကိုလည်း ဖုံးကွယ်ကြကုန်၏။ |

| | |
|---|---|
| ၂၀။ | أُولَـئِكَ لَمْ يَكُونُواْ مُعْجِزِينَ فِي الأَرْضِ وَمَا كَانَ لَهُم مِّن دُونِ اللّهِ مِنْ أَوْلِيَاء يُضَاعَفُ لَهُمُ الْعَذَابُ مَا كَانُواْ يَسْتَطِيعُونَ السَّمْعَ وَمَا كَانُواْ يُبْصِرُونَ۞<br>သူတို့သည် မြေပေါ်တွင် လွတ်လမ်းရှိသူများ မဟုတ်ချေ၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျက် ကွပ်ကဲသူများလည်း မရှိချေ။ သူတို့အတွက် ဝဋ်ကြွေးသည် နှစ်ဆ ဖြစ်၏။ သူတို့သည် ကြားနိုင်သော စွမ်းအားမရှိချေ။ မြင်နိုင်ခြင်းလည်း မရှိချေ။ |
| ၂၁။ | أُوْلَـئِكَ الَّذِينَ خَسِرُواْ أَنفُسَهُمْ وَضَلَّ عَنْهُم مَّا كَانُواْ يَفْتَرُونَ۞<br>သူတို့သည် မိမိတို့၏ ဉာဉ်စရိုက်ကိုသာ ဆုံးရှုံးစေသူများ ဖြစ်၏။ သူတို့၏ လုပ်ကြံဖန်တီးမှုများက သူတို့အား ဖယ်ခွာသွားကြပြီ။ |
| ၂၂။ | لاَ جَرَمَ أَنَّهُمْ فِي الآخِرَةِ هُمُ الأَخْسَرُونَ۞<br>မယုံမရှိနှင့်၊ သူတို့သည် နောင်ဘဝ၌ ဆုံးရှုံးမှု ကြီးသူများ ဖြစ်ကြ၏။ |
| ၂၃။ | إِنَّ الَّذِينَ آمَنُواْ وَعَمِلُواْ الصَّالِحَاتِ وَأَخْبَتُواْ إِلَى رَبِّهِمْ أُوْلَـئِكَ أَصْحَابُ الجَنَّةِ هُمْ فِيهَا خَالِدُونَ۞<br>ယုံကြည်လျက် ပြုပြင်မှုကို ကျင့်ကြံကာ၊ ကံကြမ္မာရှင်၏ ထံတော်သို့ ကြည်ညိုခြင်းများစွာ ရှိသူ– ထိုသူတို့သည် သုခဘုံ၏ အဖေါ်များ ဖြစ်ကြ၍၊ ထို၌ ကာလမဲ့စံစားရမည်ပင်။ |
| ၂၄။ | مَثَلُ الْفَرِيقَيْنِ كَالأَعْمَى وَالأَصَمِّ وَالْبَصِيرِ وَالسَّمِيعِ هَلْ يَسْتَوِيَانِ مَثَلاً أَفَلاَ تَذَكَّرُونَ۞<br>အုပ်စုနှစ်စု၏ ပမာသည်ကား၊ မျက်မမြင် နားမကြားသူများနှင့်၊ မြင်သူ ကြားသူများ ကဲ့သို့ ဖြစ်၏၊ သူတို့သည် ထပ်တူထပ်မျှ ဖြစ်ကြသလော၊ သို့ဖြစ်လျှင် သင်တို့သည် သတိမူကြမည် မဟုတ်လော။ |
| ၂၅။<br>✡ ၃း၃၃ | وَلَقَدْ أَرْسَلْنَا نُوحًا إِلَى قَوْمِهِ إِنِّي لَكُمْ نَذِيرٌ مُّبِينٌ۞<br>ငါသည် နူးဟ်ကို✡ သူ၏ လူမျိုးထံသို့ စေပို့လျက် “ကျွန်ုပ်သည် သင်တို့အတွက် သတိပေးသူ ရိုးရိုးပင် ဖြစ်၏– |
| ၂၆။ | أَن لاَّ تَعْبُدُواْ إِلاَّ اللّهَ إِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ أَلِيمٍ۞<br>–သင်တို့သည် ပရမတ်ဘုရားမှအပ အခြားကို မကိုးကွယ်ကြလင့်၊ ကျွန်ုပ်သည် သင်တို့အတွက် နာကျင်သော ကာလ၏ ဝဋ်ကြွေးကို စိုးရိမ်၏၊”ဟု ဟောစေ၏။ |
| ၂၇။ | فَقَالَ الْمَلأُ الَّذِينَ كَفَرُواْ مِن قِوْمِهِ مَا نَرَاكَ إِلاَّ بَشَرًا مِّثْلَنَا وَمَا نَرَاكَ اتَّبَعَكَ إِلاَّ الَّذِينَ هُمْ أَرَاذِلُنَا بَادِيَ الرَّأْيِ وَمَا نَرَى لَكُمْ عَلَيْنَا مِن فَضْلٍ بَلْ نَظُنُّكُمْ كَاذِبِينَ۞<br>သူ့လူမျိုးမှ ဖုံးကွယ်သူ အကြံပေးများက “သင်သည် ကျွန်ုပ်တို့ကဲ့သို့ သေမျိုးမျှသာ ဖြစ်သည်ကို တွေ့ရ၏။ ကျွန်ုပ်တို့အနက် အနိမ့်ဆုံး အောက်တန်းစားများသာ သင့်အား လိုက်နာသည်ကို တွေ့ရ၏။ သင့်၌ ကျွန်ုပ်တို့ထက် သာသောဂုဏ်ကို မြင်ရသည် မရှိ၊ အသင်သည် လူလိမ်လူညာ ဖြစ်သည်ဟုသာ ကျွန်ုပ်တို့ ထင်မိ၏၊”ဟု ဆိုကြ၏။ |
| ၂၈။ | قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةٍ مِّن رَّبِّيَ وَآتَانِي رَحْمَةً مِّنْ عِندِهِ فَعُمِّيَتْ عَلَيْكُمْ أَنُلْزِمُكُمُوهَا وَأَنتُمْ لَهَا كَارِهُونَ۞<br>သူက “အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်ပေါ်၌ ရှိသည်ကို အသင်တို့ မဆင်ခြင်မိသလော၊ ကျွန်ုပ်သည် အရှင်ထံမှ ကရုဏာတော်ကို ဆောင်ခဲ့၏ သို့သော် အသင်တို့သည် မြင်နိုင်စွမ်းအား မရှိချေ။ သင်တို့က ၎င်းအား မုန်းတီးသောအခါ၊ ကျွန်ုပ်က အသင်တို့အား အတင်းလက်ခံစေနိုင်သလော။– |
| ၂၉။ | وَيَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ مَالاً إِنْ أَجْرِيَ إِلاَّ عَلَى اللّهِ وَمَآ أَنَاْ بِطَارِدِ الَّذِينَ آمَنُواْ إِنَّهُم مُّلاَقُو رَبِّهِمْ وَلَكِنِّيَ |

| | |
|---|---|
| | **أَرَاكُمْ قَوْمًا تَجْهَلُونَ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံမှ ထို့အတွက် အခကြေးငွေ တောင်းခံခြင်း မရှိချေ။ ကျွန်ုပ်အတွက် အကျိုးဆုလဒ်မှာ ပရမတ်ဘုရားရှင်၏ ထံ၌ ရှိ၏။ ကျွန်ုပ်သည် ယုံကြည်သူတို့အား ပစ်ပယ်မည် မဟုတ်ချေ။ သူတို့သည် ကံကြမ္မာရှင်အား ဖူးတွေ့ရမည်ပင်။ သင်တို့သည် ပညာမဲ့သူများ ဖြစ်ကြောင်း ကျွန်ုပ်တွေ့ရ၏။– |
| ၃၀။ | **وَيَا قَوْمِ مَن يَنصُرُنِي مِنَ اللّهِ إِن طَرَدتُّهُمْ أَفَلاَ تَذَكَّرُونَ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သူတို့အား ပစ်ပယ်လျှင်၊ ကျွန်ုပ်အား ပရမတ်ဘုရားရှင်ထံ၌ မည်သူက ကူညီမည်နည်း၊ သင်တို့ သတိထားမိ ပါလေစ။– |
| ၃၁။<br>☆၂း၃၀ | **وَلاَ أَقُولُ لَكُمْ عِندِي خَزَآئِنُ اللّهِ وَلاَ أَعْلَمُ الْغَيْبَ وَلاَ أَقُولُ إِنِّي مَلَكٌ وَلاَ أَقُولُ لِلَّذِينَ تَزْدَرِي أَعْيُنُكُمْ لَن يُؤْتِيَهُمُ اللّهُ خَيْرًا اللّهُ أَعْلَمُ بِمَا فِي أَنفُسِهِمْ إِنِّي إِذًا لَّمِنَ الظَّالِمِينَ۞**<br>–ကျွန်ုပ်ထံ၌ ပရမတ်ဘုရားရှင်၏ ဥစ္စာများသည် ရှိသည်ဟု၊ အနာဂါတ်ကို သိသည်ဟု မပြောခဲ့ချေ။ ကျွန်ုပ်သည် နိမိတ်ဆောင်တစ်ပါးဖြစ်သည်☆ ဟုလည်း မပြောခဲ့ပေ။ အသင်တို့မျက်လုံးများ၌ အဘက်မတန်ဟု မြင်သူများကို ပရမတ်ဘုရားရှင်က အကျိုးဆုလဒ် ပေးလိမ့်မည်မဟုတ်ဟု ကျွန်ုပ် မဆိုပေ။ ပရမတ်ဘုရားရှင်သည် သူတို့၏ ဉာဉ်စရိုက်ကို သိနေတော်မူ၏။ သို့မဟုတ်က ကျွန်ုပ်သည် အဝိဇ္ဇာစီးသူများအနက်မှ ဖြစ်သွားချေမည်၊”ဟု ဆို၏။ |
| ၃၂။ | **قَالُواْ يَا نُوحُ قَدْ جَادَلْتَنَا فَأَكْثَرْتَ جِدَالَنَا فَأْتَنِا بِمَا تَعِدُنَا إِن كُنتَ مِنَ الصَّادِقِينَ۞**<br>သူတို့က “အို– နူးဟ်၊ အသင်သည် ကျွန်ုပ်တို့အား အချေအတင်ပြု၏။ အချေအတင် များစွာပြု၏။ သင်သည် ဖြောင့်မှန်သူ ဖြစ်လျှင် အသင်ဆိုသော စီရင်ချက်ကို ပေးရောက်စေလော့၊”ဟု ဆိုကြ၏။ |
| ၃၃။ | **قَالَ إِنَّمَا يَأْتِيكُم بِهِ اللّهُ إِن شَاء وَمَا أَنتُم بِمُعْجِزِينَ۞**<br>ထိုအခါ သူက “ပရမတ်ဘုရားရှင်၏ စံချိန်ပြည့်လျှင်၊ အရှင်သည် ၎င်းအား သင်တို့ထံသို့ ပေးရောက်လိမ့်မည်။ ထိုအခါ အသင်တို့သည် လွတ်မြောက်နိုင်မည် မဟုတ်ချေ။ |
| ၃၄။ | **وَلاَ يَنفَعُكُمْ نُصْحِي إِنْ أَرَدتُّ أَنْ أَنصَحَ لَكُمْ إِن كَانَ اللّهُ يُرِيدُ أَن يُغْوِيَكُمْ هُوَ رَبُّكُمْ وَإِلَيْهِ تُرْجَعُونَ۞**<br>ကျွန်ုပ်က အကြံပေးသော်လည်း ပရမတ်ဘုရားရှင်က သင်တို့အား လွဲမှားမှု၌ ပစ်ထားတော်မူလိုလျှင်၊ ထိုအကြံသည် သင်တို့အတွက် အကျိုးထူးမည် မဟုတ်ချေ။ အရှင်သည် သင်တို့၏ ကံကြမ္မာရှင်ဖြစ်၍၊ အရှင့်ထံသို့သာ သင်တို့ ဦးလှည့်ရမည်ပင်။ |
| ၃၅။ | **أَمْ يَقُولُونَ افْتَرَاهُ قُلْ إِنِ افْتَرَيْتُهُ فَعَلَيَّ إِجْرَامِي وَأَنَاْ بَرِيءٌ مِّمَّا تُجْرَمُونَ۞**<br>သူတို့က “၎င်းကို သူက လုပ်ကြံဖန်တီး၏၊”ဟု ပြောကြလျှင်၊ ဟောလော့ “ကျွန်ုပ်သည် လုပ်ကြံဖန်တီးလျှင်၊ ရာဇဝတ်မှုသည် ကျွန်ုပ်အားသင့်လိမ့်မည်၊ အသင်တို့၏ ရာဇဝတ်မှုများနှင့်ကား ကျွန်ုပ် ကင်းလွတ်၏။” |
| ၃၆။ | **وَأُوحِيَ إِلَى نُوحٍ أَنَّهُ لَن يُؤْمِنَ مِن قَوْمِكَ إِلاَّ مَن قَدْ آمَنَ فَلاَ تَبْتَئِسْ بِمَا كَانُواْ يَفْعَلُونَ۞**<br>နူးဟ်အား အာရုံဖြစ်ပေါ်စေသည်မှာ “ယုံကြည်ပြီးသူမှအပ အခြားသော သင့်လူမျိုးများသည် ယုံကြည်လာကြမည် မဟုတ်ချေ။ သူတို့၏ ကျင့်ကြံမှုများကြောင့် စိတ်ပျက်စေမှု မရှိနှင့်။ |
| ၃၇။ | **وَاصْنَعِ الْفُلْكَ بِأَعْيُنِنَا وَوَحْيِنَا وَلاَ تُخَاطِبْنِي فِي الَّذِينَ ظَلَمُواْ إِنَّهُم مُّغْرَقُونَ۞**<br>ငါ၏ မျက်မှောက်တော်၌ ငါ အာရုံစျာန်ဖြစ်စေသည့် အတိုင်း ရေယာဉ်တစ်စင်းအား တည်ဆောက်လော့၊ အမိုက်ကောင်များ အတွက် ငါ့ထံ၌ ဆုမပန်လင့်၊ သူတို့အား နစ်မြုပ်စေလတ္တံ့။ |

| | |
|---|---|
| ၃၈။ | **وَيَصْنَعُ الْفُلْكَ وَكُلَّمَا مَرَّ عَلَيْهِ مَلأٌ مِّن قَوْمِهِ سَخِرُواْ مِنْهُ قَالَ إِن تَسْخَرُواْ مِنَّا فَإِنَّا نَسْخَرُ مِنكُمْ كَمَا تَسْخَرُونَ۞**<br>သူသည် ရေယာဉ်တစ်စင်းအား တည်ဆောက်နေစဉ်၊ သူ့အပါးမှ ဖြတ်သွားသော သူ့လူမျိုးမှ အကြံပေးများက သူ့အား ပျက်ရယ်ပြုကြ၏။ သူက ပြောသည်မှာ “သင်တို့သည် ကျွန်ုပ်အား ပျက်ရယ်ပြုကြ၏၊ သင်တို့ ပျက်ရယ်ပြုသည့်နည်းတူ ကျွန်ုပ်လည်း သင်တို့အား ပျက်ရယ်ပြု၏၊– |
| ၃၉။<br>တည်မြဲသော | **فَسَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَيَحِلُّ عَلَيْهِ عَذَابٌ مُّقِيمٌ۞**<br>–အရှက်ရစေသော ဝဋ်ကြွေးသည် မည်သူ့အား ထိသက်သည်ကို သင်တို့ သိကြရလတ္တံ့၊ ၎င်းသည် **မကျွတ်မလွတ်သော** ဝဋ်ကြွေး ဖြစ်၏။” |
| ၄၀။<br>ရေယာဉ် | **حَتَّى إِذَا جَاء أَمْرُنَا وَفَارَ التَّنُّورُ قُلْنَا احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ وَأَهْلَكَ إِلاَّ مَن سَبَقَ عَلَيْهِ الْقَوْلُ وَمَنْ آمَنَ وَمَا آمَنَ مَعَهُ إِلاَّ قَلِيلٌ۞**<br>ငါ၏ စီမံချက် ရောက်လာ၍ တောင်ကြားမှ ရေများ ပန်းထွက်လာသည့်တိုင်[၅၄၁] ငါအရှင်က “**ထို**အပေါ်၌ အစုဖွဲ့ နှစ်ခုစီမှ တင်လော့[၅၄၂] သင်၏ ဝိုင်းသားများအနက် သူတို့စကားကို တရားသေစွဲထားသူမှ အပ၊ ယုံကြည်သူများကို တင်လော့၊”ဟု ဆို၏။ သူနှင့်အတူ ယုံကြည်သူများကား နည်းပါးလှချေ၏။ |
| ၄၁။ | **وَقَالَ ارْكَبُواْ فِيهَا بِسْمِ اللّهِ مَجْرَاهَا وَمُرْسَاهَا إِنَّ رَبِّي لَغَفُورٌ رَّحِيمٌ۞**<br>သူက “ကုန်းပတ်ပေါ်သို့ တက်ကြလော့၊ ၎င်း၏ စီးမြောခြင်း၊ ကျောက်ချခြင်းသည် ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့် ဖြစ်စေလော့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် လွတ်ငြိမ်းစေသောအရှင် အကြင်နာရှင် ဖြစ်ပေ၏၊”ဟု ဆို၏။ |
| ၄၂။ | **وَهِيَ تَجْرِي بِهِمْ فِي مَوْجٍ كَالْجِبَالِ وَنَادَى نُوحٌ ابْنَهُ وَكَانَ فِي مَعْزِلٍ يَا بُنَيَّ ارْكَب مَّعَنَا وَلاَ تَكُن مَّعَ الْكَافِرِينَ۞**<br>၎င်းသည် တောင်လုံးပမာ လှိုင်းတံပိုး၌ စီးမြောနေစဉ်၊ နူးဟ်က အဖေါ်မဲ့နေသော သူ့၏သားအား “အို–ချစ်သား ကျွန်ုပ်တို့နှင့်အတူ ကုန်းပတ်ပေါ်သို့ တက်လော့၊ ဖုံးကွယ်သူများ၌ မပါဝင်နှင့်၊”ဟု ဟစ်အော်၏။ |

---

(၅၄၁) အစ္စလာမ်သာသနာဝင်များ မဟုတ်သည့် ဆေးလ်၊ ပါလ်မာနှင့် ရော့ဒ်ဝဲလ်တို့၏ ဘာသာပြန်များကို မှီး၍ ထပ်ဆင့် ဘာသာပြန်သူများက **فَارَ التَّنُّورُ** ကို မုန့်ဖိုတွင်းမှ ရေပန်းထွက်လာသည့်တိုင် ဟု ပြန်ဆိုကြပေသည်။ ထိုသို့ဖြစ်ရခြင်းမှာ **فَارَ ဖာရ** ဆိုသော စကားလုံးကို အဓိပ္ပါယ်ကောက်ယူမှု မှားယွင်းရာမှ ဘာသာပြန်လွဲသွားခြင်း ဖြစ်ပေသည်။ **فَارَ ဖာရ**၏ အနက်မှာ “၎င်း (ရေ) ကို ဆူစေသည်၊”ဟု ဖြစ်ပေသည်။ ထို့ကြောင့် ရေကို ဆူပွက်၍ ပန်းထွက်စေရန် **التَّنُّورُ တန္နူးန်ရ်** ကို မီးဖို၊ သို့မဟုတ် မီး ဟု ကောက်ယူမိခြင်း ဖြစ်သည်။ သို့သော် **التَّنُّورُ တန္နူးန်ရ်** ဟူသည် “မီး” ဟု အနက်မရပေ။ ၎င်းအနက်မှာ ကမ္ဘာမြေသို့မဟုတ် မြေပြင်၏ မြင့်သော အစိတ်အပိုင်း ဟု ဖြစ်သည်။ ထို့အပြင် **فَارَ ဖာရ** ဆိုသည်မှာလည်း မြေပြင်သို့မဟုတ် ကမ္ဘာမြေမှ ရေစီးထွက်သည်၊ ဟု အနက်ကိုပေးပေသည်။ ထို့ကြောင့် ထိုစကားတွဲ၏ အနက်ကို ဤဘာသာပြန်၌ တောင်ကြားမှ ရေးများ ပန်းထွက်လာသည်ဟု ပြန်ဆိုခြင်း ဖြစ်ပါသည်။ ထိုသို့ပြန်ဆိုခြင်းသည် ဤဓမ္မခန္ဓာပါ သုတ်တော် ၄၃ နှင့်လည်း ကိုက်ညီပေသည်။

(၅၄၂) **احْمِلْ فِيهَا مِن كُلٍّ زَوْجَيْنِ اثْنَيْنِ အိဟ်မိလ် ဖီးဟာ မင်း ကုလိ ဇောင်းဝ်ဂျိုင်းနိဆ် တိုင်းနိ** ကို ဆရာတော်ကြီးများက ကိုယ်တော်နူးဟ်က သူ၏ ရေယာဉ်ပေါ်တွင် ကမ္ဘာ၌ရှိသမျှသော ကုန်းသတ္တဝါများအားလုံးမှ တိရိစ္ဆာန် တစ်စုံစီ တင်ဆောင်သော တင်ဆောင်သည်ဟု သမ္မာကျမ်းနောက်သို့ လိုက်၍ ပြန်ဆိုကြပေသည်။ ကုရ်အံတွင် တိရိစ္ဆာန်များကို တင်သည်ဟု ဘာသာပြန်ရန် တိရိစ္ဆာန်များဟူ ဝေါဟာရ မပါဝင်ချေ။ သူ၏ရေယာဉ်မှာလည်း သစ်သား။ သပ်စို့များဖြင့် ပြုလုပ်ထားသော လှေသာ ဖြစ်၍ (၅၄း၁၂၊၁၃) ရှိသမျှ တိရိစ္ဆာန်များကို တင်နိုင်သော ကမ္ဘာတင် သင်္ဘောကြီး မဟုတ်ပေ။ ဤသုတ်တော်တွင် ဆိုသော **ဇောင်းဝ်ဂျိုင်းနိဆ်တိုင်းနိ** ဆိုသည်မှာ အစုအဖွဲ့ နှစ်ခုဟုသာ ဖြစ်၍– ထိုအစုအဖွဲ့ နှစ်ခု ဆိုသည်မှာ သူ့အားထောက်ခံသော တိုင်းရင်းသား လူမျိုးစုများသာ ဖြစ်နိုင်ပေသည်။ ထိုလူမျိုးစု နှစ်စုမှ သူ့အား ထောက်ခံသော သူများကို တင်ဆောင်ရန် ပြောသာ ဖြစ်သည်။ နူးဟ်သည် လူမျိုးတစ်မျိုးကို ကိုယ်စားပြုသော်လည်း ထိုလူမျိုး ဆိုသည်တွင် တိုင်းရင်းသား လူမျိုးစုများ ရှိနေမြဲ ဖြစ်သည်။ **ဇောင်းဝ်ဂျွန်** ဆိုသည်မှာ ပေါင်းစပ်နိုင်သော သတ္တဝါတူရာများ ဖွဲ့စည်း ပေါင်းစပ်ခြင်းကိုသာ ဆိုလိုပေသည်။ ၂း၂၅ တွင်ကြည့်ပါ။

| | |
|---|---|
| ၄၃။ | **قَالَ سَآوِي إِلَى جَبَلٍ يَعْصِمُنِي مِنَ الْمَاء قَالَ لاَ عَاصِمَ الْيَوْمَ مِنْ أَمْرِ اللهِ إِلاَّ مَن رَّحِمَ وَحَالَ بَيْنَهُمَا الْمَوْجُ فَكَانَ مِنَ الْمُغْرَقِينَ۞**<br>သူက "ကျွန်ုပ်သည် ရေမှ ကာကွယ်နိုင်သည့် တောင်ကုန်းပေါ်သို့ တက်၍ ခိုလှုံပါမည်၊"ဟု ပြန်ပြောသော်၊ သူက "ဤနေ့တွင် ပရမတ်ဘုရားရှင်၏ ကရုဏာ သက်သူမှအပ အရှင်၏ စီမံချက်အား ဆန့်ကျင်၍ ကာကွယ်နိုင်သော အရာ မရှိပြီ၊"ဟု ပြန်ပြောနေစဉ်ပင်၊ သူတို့၏ကြား၌ လှိုင်းတံပိုး တက်လာလျှက် သူသည် နစ်မြုပ်သူတို့၌ ပါသွားတော့၏။၅၄၃ |
| ၄၄။<br><br>၅၄း၁၃<br>ရေယာဉ် | **وَقِيلَ يَا أَرْضُ ابْلَعِي مَاءكِ وَيَا سَمَاء أَقْلِعِي وَغِيضَ الْمَاء وَقُضِيَ الأَمْرُ وَاسْتَوَتْ عَلَى الْجُودِيِّ وَقِيلَ بُعْداً لِّلْقَوْمِ الظَّالِمِينَ۞**<br>အရှင်က "အို ကမ္ဘာမြေ၊ သင်၏ ရေကို စုပ်ယူလော့၊ အို ကောင်းကင် သင်လည်း ရပ်တန့်လော့၊"ဟု မိန့်တော်မူ၏၊ ရေသည် ကျဆင်းသွားပြီး၊ စီမံချက်သည်လည်း ဖြည့်ဆီးပြီး ဖြစ်၍၏ **၎င်း**အား ဂျူဒီတောင်ထိပ်၌ ဆိုက်စေလျှက်၊ "အမိုက်သင့်သော လူမျိုးနှင့် ဝေးစေ၊"ဟု မိန့်တော်မူ၏။ |
| ၄၅။ | **وَنَادَى نُوحٌ رَّبَّهُ فَقَالَ رَبِّ إِنَّ ابُنِي مِنْ أَهْلِي وَإِنَّ وَعْدَكَ الْحَقُّ وَأَنتَ أَحْكَمُ الْحَاكِمِينَ۞**<br>နူးဟ်က သူ့ကံကြမ္မာရှင်၌ ရင့်ကျူးသည်မှာ "အို ကံကြမ္မာရှင်၊ တပည့်တော်၏ သားသည် တပည့်တော်၏ နောက်လိုက်များမှ ဖြစ်၏၊ အရှင်၏ ကတိတော်သည် မှန်ကန်ပါ၏၊ အရှင်သည် အဆုံးဖြတ်နိုင်ဆုံးသော ဓမ္မသတ်ရှင် ဖြစ်ပါ၏။" |
| ၄၆။ | **قَالَ يَا نُوحُ إِنَّهُ لَيْسَ مِنْ أَهْلِكَ إِنَّهُ عَمَلٌ غَيْرُ صَالِحٍ فَلاَ تَسْأَلْنِ مَا لَيْسَ لَكَ بِهِ عِلْمٌ إِنِّي أَعِظُكَ أَن تَكُونَ مِنَ الْجَاهِلِينَ۞**<br>အရှင်က "အို နူးဟ်၊ သူသည် သင်၏ နောက်လိုက်ထဲမှ မဟုတ်ချေ၊ သူသည် မပြုပြင်ခြင်းကို ကျင့်ကြံ သူဖြစ်၏၊ သင်မသိသော အရာများကို ငါ့ထံ၌ မတောင်းဆိုလင့်၊ အသင့်အား ပညာမဲ့သူတို့မှ မဖြစ်အံ့ငှာ ငါအရှင် ဆုံးမသွန်သင်၏၊"ဟု မိန့်ဆိုသော်။ |
| ၄၇။ | **قَالَ رَبِّ إِنِّي أَعُوذُ بِكَ أَنْ أَسْأَلَكَ مَا لَيْسَ لِي بِهِ عِلْمٌ وَإِلاَّ تَغْفِرْ لِي وَتَرْحَمْنِي أَكُن مِّنَ الْخَاسِرِينَ۞**<br>သူက "အို ကံကြမ္မာရှင်၊ တပည့်တော်သည် မိမိမသိရာအား တောင်းဆိုမိခြင်းမှ ကင်းအံ့သောငှာ၊ အရှင့်ထံ၌ ခိုလှုံပါ၏။ အရှင်သည် တပည့်တော်အား လွတ်ငြိမ်းခွင့် မပြုပါလျှင်၊ ကရုဏာ မသက်ပါလျှင်၊ ဆုံးရှုံးသူများမှ ဖြစ်ရပါပြီ၊"ဟု လျှောက်ထား၏။ |
| ၄၈။ | **قِيلَ يَا نُوحُ اهْبِطْ بِسَلاَمٍ مِّنَّا وَبَركَاتٍ عَلَيْكَ وَعَلَى أُمَمٍ مِّمَّن مَّعَكَ وَأُمَمٌ سَنُمَتِّعُهُمْ ثُمَّ يَمَسُّهُم مِّنَّا عَذَابٌ أَلِيمٌ۞**<br>အရှင်က "အို နူးဟ်၊ သင်နှင့် သင့်မျိုးဆက်တို့သည် ငါပေးသော ချေမ်းမှု၊ ဂုဏ်ကျက်သရေဖြင့် ဆင်းသွားကြလော့၊ သူတို့မှ မျိုးဆက်တစ်ချို့ကို ဂုဏ်ရှိသော ကာလတစ်ခု ပေးတော်မူမည်၊ ထို့နောက် နာကျင်သော ဝဋ်ကြွေးကို သင့်စေလတ္တံ့၊"ဟု မိန့်ဆို၏။ ၅၄၄ |

(၅၄၃) သူနှင့် သူ့သား၏ ကြားတွင် လှိုင်းတက်လာ၍ သူ့သား နစ်မြုပ်သွားခြင်း ဖြစ်သည်။ သူ့သားမှာ တောင်ပေါ်တွင် ရှိနေ၍ တောင်ပေါ်ထိ ရေမြုပ်သည်ဟု ကျမ်းတော်တွင် ဆိုမထားချေ။ ထို့ကြောင့် ကိုယ်တော်နူးဟ် လက်ထက်တွင် တစ်ကမ္ဘာလုံးအား ရေမြုပ်သည်ဟူခြင်းကို ကျမ်းတော်တွင် မဖော်ပြပေ။ ထိုအချင်းအရာကို ဂျူဒီ

(၅၄၄) ကျမ်းတော်တွင် တရားပျက်သော လူမျိုးများ အကြောင်းကို ဥပမာပေးတိုင်း၊ သူတို့အား ကာလတစ်ခု သာယာစေမည်၊ ထို့နောက် ဝဋ်ကြွေးသင့် စေမည်ဟု မကြာခဏ ဖော်ပြပေသည်။ ဤနေရာ၌ ရှင်းစရာရှိသည်မှာ မည်သည့်လူမျိုးကို မဆို ခဏပျော်ရွှင်ခွင့်ပေးပြီး၊ ထို့နောက် ဒုက္ခရောက်စေရန် ပရမတ်ဘုရားရှင်က ကြိုတင်ပြဋ္ဌာန်းထားခြင်း မဟုတ်ချေ။ လူမျိုးတစ်မျိုးသည် သာယာမှုများနှင့်သာ ခံစားလာရသော် သူတို့သည် ဒုက္ခဆိုသည်ကို မေ့လျော့လျှက် ကိုယ်ကျင့်တရားများ ပျက်ပြားလာကြသည်။ ကိုယ်ချင်းစာမှုများ ပျက်ပြားလာကြသည်၊ ထို့နောက် လောက

၄၉။ تِلْكَ مِنْ أَنبَاء الْغَيْبِ نُوحِيهَا إِلَيْكَ مَا كُنتَ تَعْلَمُهَا أَنتَ وَلاَ قَوْمُكَ مِن قَبْلِ هَذَا فَاصْبِرْ إِنَّ الْعَاقِبَةَ لِلْمُتَّقِينَ ۞

ဤသည် အသင့်အား အာရုံဖြစ်ပေါ်စေသည့် စကွဲလွန် အချက်အလက်များမှ ဖြစ်၏။ ဤမတိုင်မှီက သင်နှင့် သင့်လူမျိုးသည် ဤအကြောင်းကို မသိခဲ့ချေ။ သို့ဖြစ်၍ သည်းခံလော့၊ အောင်ဆုမင်္ဂလာသည် စည်းစောင့်သူများ အတွက် ဖြစ်၏။

၅၀။ وَإِلَى عَادٍ أَخَاهُمْ هُودًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ إِنْ أَنتُمْ إِلاَّ مُفْتَرُونَ ۞

✡ ၇း၆၅ အာဒ်တို့ ထံသို့ သူတို့၏ သားချင်း ဟု-ဒ်ကို စေလျှက်✡ "အို ကျွန်ုပ်၏ အမျိုးသားတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အသင်တို့သည် လုပ်ကြံဖန်တီးသူများသာ ဖြစ်ကြ၏။-

၅၁။ يَا قَوْمِ لا أَسْأَلُكُمْ عَلَيْهِ أَجْرًا إِنْ أَجْرِيَ إِلاَّ عَلَى الَّذِي فَطَرَنِي أَفَلاَ تَعْقِلُونَ ۞

-အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်သည် သင်တို့ထံမှ အကျိုးအမြတ် တောင်းခြင်းမရှိ၊ ကျွန်ုပ်အတွက် အကျိုးဆုမှာ ကျွန်ုပ်၏ မူလဇစ်မြစ် အရှင်ထံမှသာ ဖြစ်၏၊ သင်တို့ အတွေးအခေါ် ရှိကြပါလေစ၊-

၅၂။ وَيَا قَوْمِ اسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ يُرْسِلِ السَّمَاء عَلَيْكُم مِّدْرَارًا وَيَزِدْكُمْ قُوَّةً إِلَى قُوَّتِكُمْ وَلاَ تَتَوَلَّوْاْ مُجْرِمِينَ ۞

-အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုကို ပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့။ အရှင်သည် သင်တို့အတွက် ကောင်းကင်ယံမှ မိုးရေပေါသီစွာ စေပို့ပေးတော်မူ၏၊ သင်တို့၏ အင်အားကို တစ်ဆင့်တစ်ဆင့် တိုးပွားစေတော်မူ၏၊ ရာဇဝတ်ကောင်များ အဖြစ် ဘက်လှည့်မသွား ကြကုန်လင့်၊"ဟု ဟောစေ၏။

၅၃။ قَالُواْ يَا هُودُ مَا جِئْتَنَا بِبَيِّنَةٍ وَمَا نَحْنُ بِتَارِكِي آلِهَتِنَا عَن قَوْلِكَ وَمَا نَحْنُ لَكَ بِمُؤْمِنِينَ ۞

သူတို့က "အို ဟု-ဒ်၊ သင်သည် ကျွန်ုပ်တို့ထံသို့ ရှင်းလင်းမှုကို ပေးရောက်သည် မရှိချေ။ သင်ပြောယုံမျှဖြင့် ကျွန်ုပ်တို့၏ ဘုရားများကို ချန်ပစ်မည် မဟုတ်ပေ၊ ကျွန်ုပ်တို့သည် သင်နှင့်အတူ ယုံကြည်ကြမည်လည်း မဟုတ်ချေ။

၅၄။ إِن نَّقُولُ إِلاَّ اعْتَرَاكَ بَعْضُ آلِهَتِنَا بِسُوَءٍ قَالَ إِنِّي أُشْهِدُ اللّهِ وَاشْهَدُواْ أَنِّي بَرِيءٌ مِّمَّا تُشْرِكُونَ ۞

ကျွန်ုပ်တို့၏ ဘုရားတစ်ချို့က သင့်အား အကုသိုလ်သင့်စေ၏၊"ဟုသာ ဆိုကြ၏။ သူက "ကျွန်ုပ်သည် ပရမတ်ဘုရားရှင်အား သက်သေပြုပါ၏၊ ကျွန်ုပ်သည် ရောပွွန်းကိုးကွယ်ခြင်းမှ ကင်းကြောင်း သင်တို့လည်း သက်သေပြုကြလော့-

၅၅။ مِن دُونِهِ فَكِيدُونِي جَمِيعًا ثُمَّ لاَ تُنظِرُونِ ۞

-အရှင်အား တုပြိုင်လျှက်၊ အသင်တို့ အားလုံးသည် ကျွန်ုပ်အား ကြံစည်ကြလော့၊ စောင့်ကြည့်နေခွင့် မပြုကြလင့်-

၅၆။ إِنِّي تَوَكَّلْتُ عَلَى اللّهِ رَبِّي وَرَبِّكُم مَّا مِن دَآبَّةٍ إِلاَّ هُوَ آخِذٌ بِنَاصِيَتِهَا إِنَّ رَبِّي عَلَى صِرَاطٍ مُّسْتَقِيمٍ ۞

-ကျွန်ုပ်သည် ကျွန်ုပ်၏ ကံကြမ္မာရှင်၊ သင်တို့၏ ကံကြမ္မာရှင်ဖြစ်သော ပရမတ်ဘုရားရှင်၌ ယုံပုံကိုးစားပါ၏၊ အရှင်၏ စီးကြောင်းမှ ကင်းသော သတ္တဝါဟူ၍ မရှိချေ။ ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏။ ၅၄၅ -

---

ဓမ္မကိုပါ မေ့လျော့ လာလေ့ရှိပေသည်။ ထိုသို့ ပြစ်မှုများ ကျူးလွန်လာခြင်းဖြင့် မိမိတို့၏ လုပ်ရပ်ကြောင့် မိမိတို့ ခံစားလာရမည့် ဝဋ်ကြွေးကိုသာ ကြိုတင်ဟောထားခြင်း ဖြစ်ပေသည်။ တနည်းအားဖြင့် ကိုယ်ကျင့်တရားများ မပျက်ပြားစေရန် သတိပေးထားခြင်းသာ ဖြစ်ပေသည်။ လူမျိုးတစ်မျိုး၏ သာယာသော ဘဝ ကာလမှာ သတ်မှတ်ထားခြင်း မရှိချေ။ မိမိတို့၏ ကိုယ်ကျင့်တရားပေါ်၌သာ မူတည်နေပေသည်။

(၅၄၅) ကံကြမ္မာရှင်သည် မြဲမြံတည်တံ့သော လမ်းစဉ်၌ ရှိ၏ ဆိုသည်မှာ ပရမတ်ဘုရားရှင်သည် ချမှတ်ပြဋ္ဌာန်းပြီးသား လောကဓမ္မအား ကမောက်ကမ ဖေါက်လွဲ ဖေါက်ပြန် ပြုလုပ်ခြင်း မရှိဟု ဆိုလိုခြင်း ဖြစ်ပေသည်၊ (၃၀း၃၀)။

| | |
|---|---|
| ၅၇။ | فَإِن تَوَلَّوْاْ فَقَدْ أَبْلَغْتُكُم مَّا أُرْسِلْتُ بِهِ إِلَيْكُمْ وَيَسْتَخْلِفُ رَبِّي قَوْمًا غَيْرَكُمْ وَلاَ تَضُرُّونَهُ شَيْئًا إِنَّ رَبِّي عَلَىَ كُلِّ شَيْءٍ حَفِيظٌ۞<br>သင်တို့သည် ဘက်လှည့် သွားကြလျှင်လည်း သင်တို့ထံသို့ စေပို့သော အကြောင်းများကို ကျွန်ုပ်သည် အရောက်ပို့ပြီးချေပြီ။ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် သင်တို့အစား အခြားလူမျိုးကို အစားထိုးတော် မူလတ္တံ့။ အရှင့်အား ထိခိုက် နစ်နာအောင် လုပ်နိုင်ကြမည် မဟုတ်ချေ။ ကေန်ပင် ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ခပ်သိမ်းကုန်အား ထိန်းသိမ်းစောင့်ရှောက်ထားတော်မူ၏။ |
| ၅၈။ | وَلَمَّا جَاء أَمْرُنَا نَجَّيْنَا هُودًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَنَجَّيْنَاهُم مِّنْ عَذَابٍ غَلِيظٍ۞<br>ငါ၏ စီမံချက် ရောက်ရှိစေသောအခါ၊ ငါ၏ ကရုဏာတော်အားဖြင့် ဟု-ဒ်နှင့် ယုံကြည်သူများကို ကယ်နှုတ်တော်မူ၏။ သူတို့အား အမျက်သင့်စေသော ဝဋ်ကြွေးမှ ကယ်နှုတ်တော်မူ၏။ |
| ၅၉။ | وَتِلْكَ عَادٌ جَحَدُواْ بِآيَاتِ رَبِّهِمْ وَعَصَوْاْ رُسُلَهُ وَاتَّبَعُواْ أَمْرَ كُلِّ جَبَّارٍ عَنِيدٍ۞<br>ဤသည် အာဒ်တို့၏ အကြောင်းပင် ဖြစ်၏၊ သူတို့သည် ကံကြမ္မာရှင်ထံမှ သုတ္တန်များကို တော်လှန်ကြ၏၊ အရှင့် ဉာဏ်စဉ်ဆောင်များကို အာခံကြ၏။ ခေါင်းမာသော အာဏာရှင်များကို နာခံကြ၏။ |
| ၆၀။ | وَأُتْبِعُواْ فِي هَذِهِ الدُّنْيَا لَعْنَةً وَيَوْمَ الْقِيَامَةِ أَلا إِنَّ عَادًا كَفَرُواْ رَبَّهُمْ أَلاَ بُعْدًا لِّعَادٍ قَوْمِ هُودٍ۞<br>ထို့ကြောင့် ကံကြီးသင့်မှုမှာ သူတို့အား ဤဘဝ၌ဖြစ်စေ၊ ရပ်တည်ရမည့် ကာလ၌ဖြစ်စေ ထပ်ကြပ်မကွာ လိုက်နေ၏၊ မှတ်သားလော့ အာဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်ကြ၏။ ဟု-ဒ်၏ လူမျိုး အာဒ်တို့အား ပျက်သုန်းစေတော်မူလိုက်၏။ |
| ၆၁။<br>၇:၇၃ | وَإِلَى ثَمُودَ أَخَاهُمْ صَالِحًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ هُوَ أَنشَأَكُم مِّنَ الأَرْضِ وَاسْتَعْمَرَكُمْ فِيهَا فَاسْتَغْفِرُوهُ ثُمَّ تُوبُواْ إِلَيْهِ إِنَّ رَبِّي قَرِيبٌ مُّجِيبٌ۞<br>သမု-ဒ် တို့ထံသို့ သူတို့၏ သားချင်း ဆွာလေဟ်အား စေလျှက် "အို ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားရှင်အား ကိုးကွယ်ကြလော့၊ သင်တို့အတွက် အရှင်မှအပ အခြား ဘုရားဟူ၍ မရှိပြီ။ အရှင်သည် သင်တို့အား မြေကမ္ဘာ၌ မွေးဘွားစေ၍၊ ထို၌ပင် လည်ပတ်သွားလာစေ၏၊ သင်တို့သည် အရှင့်ထံမှ လွတ်ငြိမ်းဆုကို ပန်ရာ၏၊ တဖန် အရှင့်ထံ၌ ခဝါချအပ်၏၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် အနီးဆုံးဖြစ်တော်မူ၍၊ အလိုတူနေတော်မူ၏၊"ဟု ဆိုသော်- |
| ၆၂။ | قَالُواْ يَا صَالِحُ قَدْ كُنتَ فِينَا مَرْجُوًّا قَبْلَ هَذَا أَتَنْهَانَا أَن نَّعْبُدَ مَا يَعْبُدُ آبَاؤُنَا وَإِنَّنَا لَفِي شَكٍّ مِّمَّا تَدْعُونَا إِلَيْهِ مُرِيبٍ۞<br>သူတို့က "အို ဆွာလေဟ်၊ ဤမတိုင်မီထိ၊ အသင်သည် ကျွန်ုပ်တို့အထဲ၌ ကျော်ကြားသူ ဖြစ်ခဲ့၏၊ ကျွန်ုပ်တို့၏ မိရိုးဖလာ ကိုးကွယ်ခဲ့သည်ကို မကိုးကွယ်ကြလင့်ဟု ကျွန်ုပ်တို့အား သင် ဟန့်တားသလော၊ အသင် ဆင့်ဆိုသော တရား၌ ကျွန်ုပ်တို့သည် သံသယအပြည့်ရှိ၏၊"ဟု ဆိုကြ၏။ |
| ၆၃။ | قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَى بَيِّنَةً مِّن رَّبِّي وَآتَانِي مِنْهُ رَحْمَةً فَمَن يَنصُرُنِي مِنَ اللّهِ إِنْ عَصَيْتُهُ فَمَا تَزِيدُونَنِي غَيْرَ تَخْسِيرٍ۞<br>သူက "အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ မဆင်ခြင်မိသလော၊ ကျွန်ုပ်အား ကံကြမ္မာရှင်၏ ထံမှ ရှင်းလင်းချက်တော်နှင့်၊ အရှင့်ထံတော်မှ ကရုဏာတော် ပေးအပ်၏။ ကျွန်ုပ်သည် မနာခံခဲ့လျှင် ပရမတ်ဘုရားရှင်အား တုလျှက် မည်သူက ကူညီမည်နည်း၊ သင်တို့သည် ကျွန်ုပ်အား ဆုံးရှုံးခြင်းမှအပ အခြားကို ပွားစေမည် မဟုတ်ချေ။- |

၆၄။ وَيَا قَوْمِ هَذِهِ نَاقَةُ اللّهِ لَكُمْ آيَةً فَذَرُوهَا تَأْكُلْ فِي أَرْضِ اللّهِ وَلاَ تَمَسُّوهَا بِسُوءٍ فَيَأْخُذَكُمْ عَذَابٌ قَرِيبٌ ۞
–အို ကျွန်ုပ်၏ လူမျိုးတို့၊ ဤသည် သင်တို့အတွက် နိမိတ်လက္ခဏာဖြစ်သော ပရမတ်ဘုရားရှင်၏ ကုလားအုပ်မ
✡ ၇း၇၃ ဖြစ်၏၊ သို့ဖြစ်၍ သူမအား လွှတ်ပေး၍ ပရမတ်ဘုရားရှင်၏ မြေကမ္ဘာ၌ စားသုံးစေလော့၊ သူမအား အကုသိုလ်ဖိစီးမှု
မသင့်စေလင့်၊ သို့မဟုတ်က နီးကပ်သော ဝဋ်ကြွေးက သင်တို့အား သုတ်ယူလိမ့်မည်၊”ဟု ဆို၏။✡

၆၅။ فَعَقَرُوهَا فَقَالَ تَمَتَّعُواْ فِي دَارِكُمْ ثَلاَثَةَ أَيَّامٍ ذَلِكَ وَعْدٌ غَيْرُ مَكْذُوبٍ ۞
✡၇း၇၇ သို့ဖြင့် ကုလားအုပ်မအား မျိုးဖြုတ်ခဲ့ကြ၏၊✡ ထိုအခါ သူက “သင်တို့သည် အိမ်များ၌ သုံးရက်မျှသာ နေကြလော့၊ ဤ
ရာဇသံသည် လိမ်ညာလီဆယ်မှု မဟုတ်ချေ၊”ဟု ဆို၏။

၆၆။ فَلَمَّا جَاء أَمْرُنَا نَجَّيْنَا صَالِحًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مِّنَّا وَمِنْ خِزْيِ يَوْمِئِذٍ إِنَّ رَبَّكَ هُوَ الْقَوِيُّ الْعَزِيزُ ۞
ငါ၏ စီမံချက် ရောက်လာသောအခါ၊ ငါထံမှာ ကရုဏာတော်အားဖြင့် ဆွာလေဟ်နှင့် ယုံကြည်သူများကို အသရေပျက်
ရစေသော နေ့ကာလမှ ကယ်နှုတ်တော်မူ၏၊ သင်၏ ကံကြမ္မာရှင်သည် တန်ခိုးတော်ရှင်၊ ဘုန်းတော်ရှင် ဖြစ်တော်မူ၏။

၆၇။ وَأَخَذَ الَّذِينَ ظَلَمُواْ الصَّيْحَةُ فَأَصْبَحُواْ فِي دِيَارِهِمْ جَاثِمِينَ ۞
၇း၇၈ အမိုက်စီးသောသူများအား အသံလှိုင်းကြီးက သုတ်လိုက်၍ သူတို့၏ အိမ်များ၌ လှုပ်ရှားမှုမဲ့သော ရုပ်ကလပ်များ
ဖြစ်စေကုန်၏။

၆၈။ كَأَن لَّمْ يَغْنَوْاْ فِيهَا أَلاَ إِنَّ ثَمُودَ كَفرُواْ رَبَّهُمْ أَلاَ بُعْدًا لِّثَمُودَ ۞
၎င်းသည် သူတို့မနေခဲ့သော အရပ်ကဲ့သို့ ဖြစ်သွားခဲ့၏။ သမု–ဒ်တို့သည် သူတို့၏ ကံကြမ္မာရှင်အား ဖုံးကွယ်၏။ ထို့
ကြောင့် သမု–ဒ်တို့အား ပျက်သုန်းစေတော်မူလိုက်၏။

၆၉။ وَلَقَدْ جَاءتْ رُسُلُنَا إِبْرَاهِيمَ بِالْبُشْرَى قَالُواْ سَلاَمًا قَالَ سَلاَمٌ فَمَا لَبِثَ أَن جَاء بِعِجْلٍ حَنِيذٍ ۞
၁၂း၁၀၉ ငါ၏ ဉာဏ်စဉ်ဆောင်များသည် အီးဗရာဟီးမ်ထံသို့ သတင်းကောင်းဖြင့် ရောက်လာ၍ “ငြိမ်းချမ်းပါစေ၊”ဟု နှုတ်ဆက်
သော် သူကလည်း “ငြိမ်းချမ်းပါစေ၊”ဟု နှုတ်ဆက်လျှက် မတုံ့မဆိုင်းပင် နွားကင်တစ်ကောင်ကို ယူခဲ့၏။

၇၀။ فَلَمَّا رَأَى أَيْدِيَهُمْ لاَ تَصِلُ إِلَيْهِ نَكِرَهُمْ وَأَوْجَسَ مِنْهُمْ خِيفَةً قَالُواْ لاَ تَخَفْ إِنَّا أُرْسِلْنَا إِلَى قَوْمِ لُوطٍ ۞
သူတို့သည် ၎င်းအား လက်မလှမ်းသည်ကို တွေ့သောအခါ၊ သူသည် သံသယဖြစ်လျှက် စိုးထိတ်မိ၏၊ သူတို့က “မစိုး
ရိမ်လေနှင့် ကျွန်ုပ်တို့သည် လု–တ်၏ လူမျိုးထံသို့ စေပို့ခံရသူများ ဖြစ်၏၊”ဟု ဆို၏။

၇၁။ وَامْرَأَتُهُ قَآئِمَةٌ فَضَحِكَتْ فَبَشَّرْنَاهَا بِإِسْحَقَ وَمِن وَرَاء إِسْحَقَ يَعْقُوبَ ۞
သူ့အပါးတွင် ရပ်နေသော ဇနီးသည်အား အစ္စဟာ့က်နှင့် အစ္စဟာ့က်၏နောက် ယာကုဗ် အကြောင်း သတင်းကောင်း
ကို ပေးသော် သူမက ပြုံးလျှက်–

၇၂။ قَالَتْ يَا وَيْلَتَى أَأَلِدُ وَأَنَاْ عَجُوزٌ وَهَذَا بَعْلِي شَيْخًا إِنَّ هَذَا لَشَيْءٌ عَجِيبٌ ۞
“အလိုလေး–ကျွန်မ၏ အရွယ်အိုချိန်၌ ကလေးမည်သို့ရအံ့နည်း၊ ဤမှာ ကျွန်မ၏ ခင်ပွန်းသည်လည်း အိုလှပြီ။ ကေန်
ပင် ဤသည် အံ့သြစရာ ဖြစ်၏၊”ဟု ဆိုသော်၊

၇၃။ قَالُواْ أَتَعْجَبِينَ مِنْ أَمْرِ اللّهِ رَحْمَتُ اللّهِ وَبَرَكَاتُهُ عَلَيْكُمْ أَهْلَ الْبَيْتِ إِنَّهُ حَمِيدٌ مَّجِيدٌ ۞
သူတို့က “သင်တို့သည် ပရမတ်ဘုရားရှင်၏ စီမံချက်အား အံ့သြပါသလော၊ ပရမတ်ဘုရားရှင်၏ ကရုဏာနှင့် ကျက်
သရေမင်္ဂလာသည် သင်တို့အပေါ်သို့ သက်ရောက်ပါစေ အိမ်သားအပေါင်းတို့၊ အရှင်သည် ရည်သန်စူးစိုက်မှု တည်ရာ

| | |
|---|---|
| | ဖြစ်၏။ ကြီးကျယ်မြင့်မြတ်တော်မူ၏၊''ဟု ဟောပြော၏။ |
| ၇၄။ | **فَلَمَّا ذَهَبَ عَنْ إِبْرَاهِيمَ الرَّوْعُ وَجَاءتْهُ الْبُشْرَى يُجَادِلُنَا فِي قَوْمِ لُوطٍ۞**<br>အီဗရာဟီးမ်သည် စိုးရိမ်စိတ်ပြေသွား၏။ သူ့ထံသို့ သတင်းကောင်းသည် ရောက်လေသော်၊ သူသည် လု–တ်၏ လူမျိုး အတွက် ငါ့ထံ၌ အသနားခံလေ၏။ |
| ၇၅။ | **إِنَّ إِبْرَاهِيمَ لَحَلِيمٌ أَوَّاهٌ مُّنِيبٌ۞**<br>ကေန်ပင် အီဗရာဟီးမ်သည် နူးညံ့သော စိတ်ရှိ၏။ သနားတတ်၏၊ နာခံမှုရှိ၏။ |
| ၇၆။<br>အသနား ခံခြင်းကို | **يَا إِبْرَاهِيمُ أَعْرِضْ عَنْ هَذَا إِنَّهُ قَدْ جَاء أَمْرُ رَبِّكَ وَإِنَّهُمْ آتِيهِمْ عَذَابٌ غَيْرُ مَرْدُودٍ۞**<br>အရှင်က ''အို အီဗရာဟီးမ်၊ **၎င်းကို** လက်လျှော့လော့၊ သင့်ကံကြမ္မာရှင်၏ စီမံချက်သည် ဆိုက်ရောက်သွားပြီ။ သူတို့ ထံသို့ မရှောင်ဖယ်နိုင်သော ဝဋ်ကြွေးအား ပေးရောက်စေပြီး ဖြစ်၏။။'' |
| ၇၇။ | **وَلَمَّا جَاءتْ رُسُلُنَا لُوطًا سِيءَ بِهِمْ وَضَاقَ بِهِمْ ذَرْعًا وَقَالَ هَذَا يَوْمٌ عَصِيبٌ۞**<br>ငါ၏ ဉာဏ်စဉ်ဆောင်တို့သည် လု–တ်ထံသို့ရောက်သော်၊ သူသည် သူတို့ကြောင့် အကုသိုလ်ဖိစီးခံရ၏။ သူတို့အား ကာကွယ်ပေးနိုင်စွမ်း မရှိဘဲ ''ဤသည် ပြဿဒါးနေ့ပင်တည်း၊''ဟု ညည်းညူ၏။ |
| ၇၈။<br>✡<br>၁၅း၇၁ | **وَجَاءهُ قَوْمُهُ يُهْرَعُونَ إِلَيْهِ وَمِن قَبْلُ كَانُواْ يَعْمَلُونَ السَّيِّئَاتِ قَالَ يَا قَوْمِ هَؤُلاء بَنَاتِي هُنَّ أَطْهَرُ لَكُمْ فَاتَّقُواْ اللّهَ وَلاَ تُخْزُونِ فِي ضَيْفِي أَلَيْسَ مِنكُمْ رَجُلٌ رَّشِيدٌ۞**<br>သူ့ လူမျိုးများသည် အလျှင်စလို ရောက်လာကြ၏။ သူတို့သည် ယခင်က အကုသိုလ် ကျင့်ကြံမှုများ၌ ရှိခဲ့၏။ သူက ''အို ကျွန်ုပ်၏ လူမျိုးတို့၊ ဤမှာ ကျွန်ုပ်သမီးများ ရှိ၏၊✡ သူတို့သည် သင်တို့အတွက် ပိုမို သန့်စင်၏၊ ပရမတ်ဘုရားရှင်အား စည်းစောင့်ကြလော့၊ ဧည့်သည်များကို စော်ကားခြင်းဖြင့် ကျွန်ုပ်အား အရှက်မခွဲကြနှင့်၊ သင်တို့၌ ယောကျ်ားပီသသူ တစ်ဦးမျှ မရှိကြသလော၊''ဟု ဆို၏။[၁၄၆] |
| ၇၉။ | **قَالُواْ لَقَدْ عَلِمْتَ مَا لَنَا فِي بَنَاتِكَ مِنْ حَقٍّ وَإِنَّكَ لَتَعْلَمُ مَا نُرِيدُ۞**<br>သူတို့က ''ကျွန်ုပ်တို့သည် သင်၏ သမီးများကို မလိုကြောင်း သင်သိ၏။ ကျွန်ုပ်တို့ အမှန်အကန် လိုအပ်ရာကိုလည်း သင် သိ၏၊''ဟု ပြောကြ၏။ |
| ၈၀။ | **قَالَ لَوْ أَنَّ لِي بِكُمْ قُوَّةً أَوْ آوِي إِلَى رُكْنٍ شَدِيدٍ۞**<br>သူက ''ကျွန်ုပ်သည် သင်တို့အား ခုခံရန် အင်အားရှိလျှင်၊ သို့မဟုတ် စိတ်ဓါတ်ခိုင်သော ထောက်ခံသူရှိလျှင် ကောင်းလေစွ၊''ဟု ညည်းညူ၏။ |
| ၈၁။<br>ဧည့် သည် များက | **قَالُواْ يَا لُوطُ إِنَّا رُسُلُ رَبِّكَ لَن يَصِلُواْ إِلَيْكَ فَأَسْرِ بِأَهْلِكَ بِقِطْعٍ مِّنَ اللَّيْلِ وَلاَ يَلْتَفِتْ مِنكُمْ أَحَدٌ إِلاَّ امْرَأَتَكَ إِنَّهُ مُصِيبُهَا مَا أَصَابَهُمْ إِنَّ مَوْعِدَهُمُ الصُّبْحُ أَلَيْسَ الصُّبْحُ بِقَرِيبٍ۞**<br>**သူတို့**က ''အို လု–တ်၊ ကျွန်ုပ်တို့သည် သင့်ကံကြမ္မာရှင်ထံမှ ဉာဏ်စဉ်ဆောင်များ ဖြစ်၏။ သူတို့သည် သင့်အား မထိနိုင်ရာ၊ သင်သည် နောက်လိုက်များနှင့်အတူ ညည့်ဦးယံ၌ တိမ်းရှောင်သွားလော့၊ သင့်ဇနီးမှအပ သင်တို့အထဲမှ |

(၁၄၆) **رَجُلٌ رَّشِيدٌ ရဂျုလွန် ရရှီးဒွန်** ဆိုသည်မှာ စိတ်ဓါတ် ဖြောင့်မတ်ခိုင်မာသောသူ ဟု အနက်ရပေသည်။ လု–တ်၏ လူမျိုးမှ ယောကျ်ားတို့သည် အမျိုးသမီးများ အစား ယောကျ်ားချင်း ကာမမှုကို ကျူးလွန်ကြသည်။ ထို့ကြောင့် ကိုယ်တော်လု–တ်က သူ၏ ဧည့်သည်များကို စော်ကားများကို စိုးရိမ်မကင်း ဖြစ်၍ သူ့ဧည့်သည် ယောကျ်ားများအစား သူ့သမီးများ (နောက်လိုက် အမျိုးသမီးများ)ကို သဘာဝအတိုင်း ဆက်ဆံကြရန် မေတ္တာရပ်ခံ၍။ သဘာဝကို မဖေါက်ပြန်သော စိတ်ဓါတ်ဖြောင့်မတ်သောသူ ဟု ဆိုလိုသောကြောင့် ဤစကားလုံးကို ဤဘာသာပြန်၌ ယေကျ်ားပီသ သောသူ ဟု ပြန်ဆိုခြင်း ဖြစ်ပေသည်။

| | |
|---|---|
| | တစ်ယောက်ကိုမှ နောက်ဆံမတင်းစေလင့်၊ ကေန်ပင် သူတို့အား ထိခိုက်စေသော အရာသည် သူမအားလည်း ထိခိုက်စေမည်၊ သူတို့အတွက် သတ်မှတ်ချိန်သည် နံနက်အာရုံတက် ဖြစ်၏၊ နံနက်သည် နီးကပ်လာနေ၏၊”ဟု ဆို၏။ |
| ၈၂။ | فَلَمَّا جَاء أَمْرُنَا جَعَلْنَا عَالِيَهَا سَافِلَهَا وَأَمْطَرْنَا عَلَيْهَا حِجَارَةً مِّن سِجِّيلٍ مَّنضُودٍ ۞<br>ငါ၏ စီမံချက် ရောက်ရှိလာသော်၊ သူတို့အား ဦးဇောက် မှောက်ခုံ လှန်ပစ်၏။ သူတို့အပေါ်သို့ ဖျက်အားကောင်းသော ကျောက်ခဲမိုးကို ပစ်ချ၏။ |
| ၈၃။ | مُّسَوَّمَةً عِندَ رَبِّكَ وَمَا هِيَ مِنَ الظَّالِمِينَ بِبَعِيدٍ ۞<br>၎င်းသည် သင့်ကံကြမ္မာရှင်၏ ထံ၌ ပုံဖော်ပြီး ဖြစ်၍၊ ယင်းသည် အမိုက်စီးသူများ အတွက် ဝေးကွာသည် မဟုတ်ချေ။ |
| ၈၄။<br>၇:၈၅ | وَإِلَى مَدْيَنَ أَخَاهُمْ شُعَيْبًا قَالَ يَا قَوْمِ اعْبُدُواْ اللّهَ مَا لَكُم مِّنْ إِلَـهٍ غَيْرُهُ وَلاَ تَنقُصُواْ الْمِكْيَالَ وَالْمِيزَانَ إِنِّيَ أَرَاكُم بِخَيْرٍ وَإِنِّيَ أَخَافُ عَلَيْكُمْ عَذَابَ يَوْمٍ مُّحِيطٍ ۞<br>မီဒီယံတို့ထံသို့ သူတို့၏ သားချင်း ရှုအိုက်(ဘ်)ကို စေ၍၊ “အို ကျွန်ုပ်၏ လူမျိုးတို့၊ ပရမတ်ဘုရားအား ကိုးကွယ်ကြလော့။ သင်တို့အတွက် အရှင်မှအပ အခြားဘုရား ဟူ၍ မရှိပြီ။ ကုန်ဖလှယ်ရာ၌ ချိန်သောအခါ၊ အလေးမခိုးကြလင့်၊ သင်တို့၌ ကောင်းခြင်းများကို ကျွန်ုပ်မြင်၏။ သင်တို့အတွက် ဝဋ်ကြွေးများ ဝိုင်းဝန်းထားသော ကာလကို ကျွန်ုပ် ကြောက်မိ၏။– |
| ၈၅။ | وَيَا قَوْمِ أَوْفُواْ الْمِكْيَالَ وَالْمِيزَانَ بِالْقِسْطِ وَلاَ تَبْخَسُواْ النَّاسَ أَشْيَاءهُمْ وَلاَ تَعْثَوْاْ فِي الأَرْضِ مُفْسِدِينَ ۞<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ ကုန်ဖလှယ်မှုနှင့်၊ ချိန်ခွင်ကို ပြည့်စေကြလော့၊ လူသားတို့၏ ရပိုင်ခွင့်များကို မလျှော့ပေါ့စေလင့်၊ ကမ္ဘာပေါ်တွင် ညစ်ညမ်းမှုများ ဖြစ်စေသော အကျင့်ပျက်မှုများကို ရှောင်ကြလော့။ |
| ၈၆။ | بَقِيَّةُ اللّهِ خَيْرٌ لَّكُمْ إِن كُنتُم مُّؤْمِنِينَ وَمَا أَنَاْ عَلَيْكُم بِحَفِيظٍ ۞<br>–မည်မျှလောက်ပင် ပရမတ်ဘုရားရှင်က သင်တို့အား သတ်မှတ်သည်ဖြစ်စေ၊ သင်တို့သည် ယုံကြည်သူများဖြစ်လျှင် အကောင်းချည်း ဖြစ်၏။ ကျွန်ုပ်သည် သင်တို့အား ထိန်းသိမ်းစောင့်ရှောက်ရသူ မဟုတ်ချေ။” ဟု ဟောပြော၏။ |
| ၈၇။ | قَالُواْ يَا شُعَيْبُ أَصَلاَتُكَ تَأْمُرُكَ أَن نَّتْرُكَ مَا يَعْبُدُ آبَاؤُنَا أَوْ أَن نَّفْعَلَ فِي أَمْوَالِنَا مَا نَشَاء إِنَّكَ لَأَنتَ الْحَلِيمُ الرَّشِيدُ ۞<br>သူတို့က “အို ရှုအိုက်(ဘ်) သင်၏ မေတ္တာဓိဋ္ဌာန်က[၅၄၇] ကျွန်ုပ်တို့အား မိရိုးဖလာ ကိုးကွယ်ခြင်းနှင့် ကျွန်ုပ်တို့၏ ဥစ္စာစီး ပွားအား စိတ်တိုင်းကျ ပွားများအောင်လုပ်ခြင်းမှ ချန်ပစ်ရန် မိန့်ညွှန်သလော။ ကေန်ပင် သင်သည် စိတ်နူးညံ့သူ၊ စိတ်ဓါတ် ဖြောင့်မတ်သူ ဖြစ်၏၊”ဟု ဆိုသော်။ \ |
| ၈၈။ | قَالَ يَا قَوْمِ أَرَأَيْتُمْ إِن كُنتُ عَلَىَ بَيِّنَةٍ مِّن رَّبِّي وَرَزَقَنِي مِنْهُ رِزْقًا حَسَنًا وَمَا أُرِيدُ أَنْ أُخَالِفَكُمْ إِلَى مَا أَنْهَاكُمْ عَنْهُ إِنْ أُرِيدُ إِلاَّ الإِصْلاَحَ مَا اسْتَطَعْتُ وَمَا تَوْفِيقِي إِلاَّ بِاللّهِ عَلَيْهِ تَوَكَّلْتُ وَإِلَيْهِ أُنِيبُ ۞<br>သူက “အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျွန်ုပ်အား ထင်ရှားစေပြီ၊ အရှင့်ထံမှ ကောင်းမွန်သော ရိက္ခာများဖြင့် ရိက္ခာထောက်၏ အသင်တို့ မဆင်မိကြသလော၊ သင်တို့အား ကျွန်ုပ် ဟန့်တားရာကို သင်တို့၏ နောက် |

---

(၅၄၇) **صَلاَتُكَ ဆွလတ်တို့က** ကို ဆရာတော်ကြီးများက ဘုရားရှိခိုးသည်ဟူ ဘာသာသာမပြန်ဘဲ၊ သင်၏ တရားတော် သို့မဟုတ် သင်ပြောသော ဘာသာတရားဟု ပြန်ဆိုကြပေသည်။ အလွန်တရာ ကောင်းမွန်သော ပြန်ဆိုချက် ဖြစ်ပေသည်။ ကျမ်းတော်ပါ **ဆွလတ်** ဆိုသည့် စကားလုံးတိုင်းကို ဘုရားရှိခိုးခြင်းဟု ဘာသာပြန်ဆိုခြင်းသည် ညီညွတ်မှု မရှိချေ။ ထို့ကြောင့် ဤနေရာမှ ဆိုသော **သင်၏ မေတ္တာဓိဋ္ဌာန်** ဆိုသည်မှာ ဆွလတ်အား မေတ္တာဓိဋ္ဌာန်ဟု ၂း၃ တွင် ဘာသာပြန်ခဲ့သည်နှင့် ညီညွတ်စေရန် ဘာသာပြန်ခြင်းသာဖြစ်၍၊ အနက်သဘောမှာ လူသားတို့အကြား ထားအပ်သည့် လူ့ကျင့်ဝတ် သို့မဟုတ် လူ့ကျင့်ဝတ်အား အသိဉာဏ်နှင့် ရုပ် တစ်သားတည်းဖြစ်ရန် ကျင့်ဆောင်မှုပင် ဖြစ်ပေသည်။

| | |
|---|---|
| | ကွယ်၌ ကျွန်ုပ်လည်း ကျူးလွန်လိုသည် မဟုတ်။ ကျွန်ုပ်ကိုယ်တိုင် တတ်စွမ်းသမျှ ပြုပြင်လို၏။ ကျွန်ုပ်သည် ပရမတ်ဘုရားရှင်ကိုသာ ပုံအပ်ဆက်ကပ်၏၊ အရှင့်ကိုသာ ယုံကြည်ကိုးစား၏၊ အရှင့်ကိုသာ အကြွင်းမဲ့နာခံ၏။ |
| ၈၉။<br><br>၇း၆၄<br>၇း၇၂<br>၇း၇၈<br>၇း၈၄ | **وَيَا قَوْمِ لاَ يَجْرِمَنَّكُمْ شِقَاقِي أَن يُصِيبَكُم مِّثْلُ مَا أَصَابَ قَوْمَ نُوحٍ أَوْ قَوْمَ هُودٍ أَوْ قَوْمَ صَالِحٍ وَمَا قَوْمُ لُوطٍ مِّنكُم بِبَعِيدٍ ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ **ကျွန်ုပ်တို့၏** ကွဲလွဲချက်များကြောင့် ရာဇဝတ်မှုပြုလိုကြလျှင်၊ နူးဟ်၏ လူမျိုး၊ ဟု–ဒ်၏ လူမျိုး၊ ဆွာလေဟ်၏ လူမျိုးနှင့် မဝေးသောအချိန်က လု–တ်၏ လူမျိုးများအပေါ်၌ ထိခိုက်စေသကဲ့သို့ သင်တို့အား ထိခိုက်လတ္တံ့[၅၄၈]– |
| ၉၀။ | **وَاسْتَغْفِرُواْ رَبَّكُمْ ثُمَّ تُوبُواْ إِلَيْهِ إِنَّ رَبِّي رَحِيمٌ وَدُودٌ ۞**<br>–သင်တို့၏ ကံကြမ္မာရှင်၌ လွတ်ငြိမ်းဆုကို ပန်ကြလော့၊ အရှင့်ထံ၌ ခဝါချကြလော့၊ အရှင်သည် အကြင်နာရှင်၊ ချစ်ခင်သော အရှင် ဖြစ်တော်မူ၏၊”ဟု ဟောပြော၏။ |
| ၉၁။ | **قَالُواْ يَا شُعَيْبُ مَا نَفْقَهُ كَثِيرًا مِّمَّا تَقُولُ وَإِنَّا لَنَرَاكَ فِينَا ضَعِيفًا وَلَوْلاَ رَهْطُكَ لَرَجَمْنَاكَ وَمَا أَنتَ عَلَيْنَا بِعَزِيزٍ ۞**<br>သူတို့က “အို ရှုအိုက်(ဘ်) သင်၏ ဟောပြောချက် အများစုကို ကျွန်ုပ်တို့ နားမလည်နိုင်ချေ၊ သင်သည် ကျွန်ုပ်တို့အထဲတွင် အင်အားနဲ့သူ အဖြစ်သာ တွေ့ရ၏၊ သင်၏ မျိုးရိုးကြောင့်သာ မဟုတ်ခဲ့လျှင်၊ သင့်အား ခဲထုသတ်ပြီးလတ္တံ့၊ သင့်တွင် မည်သည့် ဘုန်းကံမှ မရှိချေ၊”ဟု ပြောကြ၏။ |
| ၉၂။ | **قَالَ يَا قَوْمِ أَرَهْطِي أَعَزُّ عَلَيْكُم مِّنَ اللهِ وَاتَّخَذْتُمُوهُ وَرَاءكُمْ ظِهْرِيًّا إِنَّ رَبِّي بِمَا تَعْمَلُونَ مُحِيطٌ ۞**<br>သူက “အို ကျွန်ုပ်၏ လူမျိုးတို့၊ ကျွန်ုပ်၏ မျိုးရိုးက ပရမတ်ဘုရားရှင်ထက် ပို၍ ဘုန်းကံရှိစေသလော၊ သင်တို့သည် နောက်သို့ ပစ်လိုက်သော အရာကဲ့သို့ အရှင့်အပေါ်၌ အယူမထားကြ၊ ကျွန်ုပ်၏ ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှကို ဝိုင်းရံထားတော်မူ၏၊– |
| ၉၃။ | **وَيَا قَوْمِ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنِّي عَامِلٌ سَوْفَ تَعْلَمُونَ مَن يَأْتِيهِ عَذَابٌ يُخْزِيهِ وَمَنْ هُوَ كَاذِبٌ وَارْتَقِبُواْ إِنِّي مَعَكُمْ رَقِيبٌ ۞**<br>–အို ကျွန်ုပ်၏ လူမျိုးတို့၊ သင်တို့ ပြုနိုင်သလို ကျင့်ဆောင်ကြလော့၊ ကျွန်ုပ်လည်း ကျင့်ဆောင်နေ၏၊ မည်သူ့အား အရှက်ရစေသော ဝဋ်ကြွေးသည် ထိမည်၊ မည်သူသည် လိမ်လည်သူ ဖြစ်သည်ကို မကြာမီ သိရလတ္တံ့။ စောင့်မျှော်ကြည့်နေကြလော့၊ ကျွန်ုပ်သည်လည်း သင်တို့နှင့်အတူ စောင့်မျှော်ကြည့်နေ၏၊”ဟု ပြန်ပြော၏။ |
| ၉၄။<br><br>၇း၉၁<br>လျှင်<br>ကြီး | **وَلَمَّا جَاء أَمْرُنَا نَجَّيْنَا شُعَيْبًا وَالَّذِينَ آمَنُواْ مَعَهُ بِرَحْمَةٍ مَّنَّا وَأَخَذَتِ الَّذِينَ ظَلَمُواْ الصَّيْحَةُ فَأَصْبَحُواْ فِي دِيَارِهِمْ جَاثِمِينَ ۞**<br>ငါ၏ စီမံချက် ရောက်ရှိလာသောအခါ၊ ငါ့ထံမှ ကရုဏာတော်အားဖြင့် ရှုအိုက်(ဘ်)နှင့် ယုံကြည်သူများကို ကယ်နှုတ်တော်မူ၏၊ အမိုက်ကောင်များအား **အသံလှိုင်းကြီးဖြင့်** သုတ်လိုက်၍ သူတို့၏ အိမ်များ၌ လှုပ်ရှားမှုမဲ့သော ရုပ်ကလပ်များ ဖြစ်ကုန်၏။ |
| ၉၅။ | **كَأَن لَّمْ يَغْنَوْاْ فِيهَا أَلاَ بُعْدًا لِّمَدْيَنَ كَمَا بَعِدَتْ ثَمُودُ ۞**<br>ထို၌ သူတို့ မနေခဲ့ဘူး သကဲ့သို့၊ သမု–ဒ်တို့အား ရေးက ပျောက်ပျက်စေသကဲ့သို့ မိဒီယံတို့အား ပျောက်ပျက်စေပြီ။ |

---

(၅၄၈) ကျမ်းတော်တွင် လွတ်လပ်စွာ အယူအဆ ကွဲပြားမှုကို လူများတရားနိုင် စနစ်ဖြင့် မတော်မတရား အနိုင်ကျင့်သော လူမျိုးတိုင်းသည် ပျက်စီးတိမ်ကောသွားရသည်ကို မကြာခဏ ဥပမာပေး တင်ပြပေသည်။

| | |
|---|---|
| ၉၆။ | **وَلَقَدْ أَرْسَلْنَا مُوسَى بِآيَاتِنَا وَسُلْطَانٍ مُّبِينٍ۞**<br>ငါသည် ထင်ရှားသော အခွင့်အာဏာနှင့် ငါ၏ သုတ်ဒေသများအားဖြင့် မူဆာကို မုချ စေပို့ခဲ့သည်မှာ– |
| ၉၇။ | **إِلَى فِرْعَوْنَ وَمَلَئِهِ فَاتَّبَعُواْ أَمْرَ فِرْعَوْنَ وَمَا أَمْرُ فِرْعَوْنَ بِرَشِيدٍ۞**<br>ဖာရိုးနှင့် သူ့အကြံပေးများ ထံသို့ ဖြစ်၏။ သူတို့သည် ဖာရိုး၏ အမိန့်ကိုသာ လိုက်နာကြ၏၊ ဖာရိုး၏ အမိန့်သည် ရိုးသားမှန်ကန်မှု မရှိချေ။ |
| ၉၈။<br>ဦးဆောင် | **يَقْدُمُ قَوْمَهُ يَوْمَ الْقِيَامَةِ فَأَوْرَدَهُمُ النَّارَ وَبِئْسَ الْوِرْدُ الْمَوْرُودُ۞**<br>သူသည် သူ၏လူမျိုးများကို ရပ်တည်မြဲမြံသော ကာလ၌ ကံဆိုး ဒုက္ခများသော နေရာဖြစ်သည့် အပူမီးတွင်းသို့ **မောင်းနှင်**နေ၏။ |
| ၉၉။ | **وَأُتْبِعُواْ فِي هَذِهِ لَعْنَةً وَيَوْمَ الْقِيَامَةِ بِئْسَ الرِّفْدُ الْمَرْفُودُ۞**<br>ကံကြီးသင့်မှုသည် ဤ၌၊ ရပ်တည်မြဲမြံသော ကာလ၌ သူတို့နောက်သို့ လိုက်နေ၏၊ နိမ့်ကျ ကံဆိုးမှု ဆုကိုသာ ရရှိလတ္တံ့။ |
| ၁၀၀။ | **ذَلِكَ مِنْ أَنبَاء الْقُرَى نَقُصُّهُ عَلَيْكَ مِنْهَا قَآئِمٌ وَحَصِيدٌ۞**<br>ဤသည် သင့်အား ဆင့်ပြန်ပေးသည့်၊ မြဲနေသေးသော၊ ပျက်သုန်းပြီးသော မြို့ရွာတို့၏ အကြောင်းပင်တည်း။ |
| ၁၀၁။ | **وَمَا ظَلَمْنَاهُمْ وَلَكِن ظَلَمُواْ أَنفُسَهُمْ فَمَا أَغْنَتْ عَنْهُمْ آلِهَتُهُمُ الَّتِي يَدْعُونَ مِن دُونِ اللّهِ مِن شَيْءٍ لِّمَّا جَاء أَمْرُ رَبِّكَ وَمَا زَادُوهُمْ غَيْرَ تَتْبِيبٍ۞**<br>ငါသည် သူတို့အား အမိုက်သင့်စေသည်မဟုတ်၊ သူတို့စရိုက်ကိုသာ သူတို့ အမိုက်သင့်စေကြ၏။ သင့်ကံကြမ္မာရှင်၏ ထံမှ စီမံချက် ရောက်ရှိလာသော်၊ ပရမတ်ဘုရားရှင်အား ဂုဏ်ပြိုင်တုဘက်လျှက် သူတို့ ဆုတောင်းခဲ့သော ဘုရားများသည် သူတို့အတွက် ပြည့်စုံစေခြင်း မရှိချေ။ သူတို့အတွက် ပျက်စီးရေးကိုသာ တွန်းပို့နေ၏။ |
| ၁၀၂။ | **وَكَذَلِكَ أَخْذُ رَبِّكَ إِذَا أَخَذَ الْقُرَى وَهِيَ ظَالِمَةٌ إِنَّ أَخْذَهُ أَلِيمٌ شَدِيدٌ۞**<br>ဤသို့ မြို့ရွာများသည် အယူမှားလျှက် အမိုက်သင့်နေစဉ်တွင် သင်၏ကံကြမ္မာရှင်က သုတ်ယူတော်မူ၏၊ ကေန်ပင် အရှင်၏ သုတ်ငင်ခြင်းသည် ပြင်းထန်စူးနစ်လှပေ၏။ |
| ၁၀၃။<br>နောင်ဘဝ | **إِنَّ فِي ذَلِكَ لآيَةً لِّمَنْ خَافَ عَذَابَ الآخِرَةِ ذَلِكَ يَوْمٌ مَّجْمُوعٌ لَّهُ النَّاسُ وَذَلِكَ يَوْمٌ مَّشْهُودٌ۞**<br>ကေန်ပင် ဤ၌၊ နောင်ဘဝ၏ ဝဋ်ကြွေးအား စိုးရိမ်တတ်သူတို့အဘို့ နိမိတ်လက္ခဏာ တစ်ရပ် ရှိနေ၏။ **ယင်းသည်** လူသားတို့အား စုရုံးစေသည့် ကာလဖြစ်၏၊ **ယင်းသည်** မျက်မှောက်သက်သေပြုရသော ကာလဖြစ်၏။ |
| ၁၀၄။<br>နောင်ဘဝ | **وَمَا نُؤَخِّرُهُ إِلاَّ لِأَجَلٍ مَّعْدُودٍ۞**<br>ငါအရှင်သည် **၎င်းကို** သတ်မှတ်ထားသည် အထိ အချိန်ဆွဲထားတော်မူ၏။ |
| ၁၀၅။ | **يَوْمَ يَأْتِ لاَ تَكَلَّمُ نَفْسٌ إِلاَّ بِإِذْنِهِ فَمِنْهُمْ شَقِيٌّ وَسَعِيدٌ۞**<br>ထို ရောက်လာမည့် ကာလ၌ မည်သည့် ဉာဉ်စရိုက်သည်မှ အရှင်၏ အမိန့်တော်မရှိဘဲ ပြောဆိုပိုင်ခွင့် မရှိ၊ သူတို့အနက် စိတ်ညစ်ရသူ၊ စိတ်ပျော်သူများ ရှိလတ္တံ့။ |
| ၁၀၆။ | **فَأَمَّا الَّذِينَ شَقُواْ فَفِي النَّارِ لَهُمْ فِيهَا زَفِيرٌ وَشَهِيقٌ۞**<br>စိတ်ညစ်ရသူ၊ ထိုသူတို့အဘို့ အပူမီးထဲသို့ ဖြစ်၍၊ ယင်း၌ ညီးတွားရခြင်း၊ ငိုကြွေးရခြင်းတို့ ရှိ၏။ |

| | |
|---|---|
| ၁၀၇။<br><br>၆း၁၂၉ | **خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ إِنَّ رَبَّكَ فَعَّالٌ لِّمَا يُرِيدُ۞**<br>သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်ခြင်းမှ အပ၊ သူတို့သည် ထိုဌာ မိုးများနှင့် မြေ တည်ရှိသမျှ ကာလမဲ့ခံစားရလတ္တံ့။ သင့်ကြမ္မာရှင်သည် ပြုလိုသည်ကို ပြုလုပ်တော်မူ၏။[၇၄၉] |
| ၁၀၈။ | **وَأَمَّا الَّذِينَ سُعِدُواْ فَفِي الْجَنَّةِ خَالِدِينَ فِيهَا مَا دَامَتِ السَّمَاوَاتُ وَالأَرْضُ إِلاَّ مَا شَاء رَبُّكَ عَطَاء غَيْرَ مَجْذُوذٍ۞**<br>စိတ်ပျော်ရသူတို့သည် သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်သည့် အလျှောက်သာ သုခဘုံ၌ ကာလမဲ့စံစားရလျှက် ထို၌ မိုးများနှင့် မြေ တည်ရှိသမျှ စံစားရ၍၊ မပြတ်မတောက်သော ခံစားမှုသည် ရှိလတ္တံ့။ |
| ၁၀၉။ | **فَلاَ تَكُ فِي مِرْيَةٍ مِّمَّا يَعْبُدُ هَؤُلاء مَا يَعْبُدُونَ إِلاَّ كَمَا يَعْبُدُ آبَاؤُهُم مِّن قَبْلُ وَإِنَّا لَمُوَفُّوهُمْ نَصِيبَهُمْ غَيْرَ مَنقُوصٍ۞**<br>သင်သည် ထိုသူများ ကိုးကွယ်သည့် အရာများကြောင့် စိတ်စနောင့်စနီး မဖြစ်လင့်၊ သူတို့သည် သူတို့၏ မိရိုးဖလာ ကိုးကွယ်ခဲ့ခြင်းကိုသာ ကိုးကွယ်နေကြ၏။ ငါသည် သူတို့ရထိုက်သော နစ်နာမှုကို မလျှော့မပေါ့ ဖြည့်ပေးတော် မူလတ္တံ့။ |
| ၁၁၀။ | **وَلَقَدْ آتَيْنَا مُوسَى الْكِتَابَ فَاخْتُلِفَ فِيهِ وَلَوْلاَ كَلِمَةٌ سَبَقَتْ مِن رَّبِّكَ لَقُضِيَ بَيْنَهُمْ وَإِنَّهُمْ لَفِي شَكٍّ مِّنْهُ مُرِيبٍ۞**<br>ငါသည် မူဆာအား ကျမ်းတော်တစ်ဆူ ပေးအပ်တော်မူရာ၊ သူတို့သည် ၎င်း၌ ငြင်းခုံကွဲလွဲကြ၏။ သင့်ကံကြမ္မာရှင် ထံမှ **ဓမ္မတော်** သတ်မှတ်ပြီး မဟုတ်ခဲ့လျှင်၊ သူတို့ကြား၌ ဆုံးဖြတ်ပြီး ဖြစ်လတ္တံ့။ ကေန်ပင် သူတို့သည် ၎င်း၌ ယုံမှား သံသယ အပြည့်ရှိနေ၏။ |
| ၁၁၁။ | **وَإِنَّ كُـلاًّ لَّمَّا لَيُوَفِّيَنَّهُمْ رَبُّكَ أَعْمَالَهُمْ إِنَّهُ بِمَا يَعْمَلُونَ خَبِيرٌ۞**<br>ကေန်ပင်၊ သင့်ကံကြမ္မာရှင်သည် သူတို့၏ ကျင့်ကြံမှုများအား ကိုယ်စီကိုယ်င ဖြည့်ဆီးလတ္တံ့။ အရှင်သည် ကျင့်ကြံသမျှ အား သတင်းသိနေတော်မူ၏။ |
| ၁၁၂။ | **فَاسْتَقِمْ كَمَا أُمِرْتَ وَمَن تَابَ مَعَكَ وَلاَ تَطْغَوْاْ إِنَّهُ بِمَا تَعْمَلُونَ بَصِيرٌ۞**<br>သင်နှင့်အတူ ခဝါချသူများအား သင့်ကို မိန့်ညွှန်သည့်အတိုင်း မြဲမြံစေလော့။ စည်းမပျက်ကြလင့်၊ အရှင်သည် ကျင့်ကြံသမျှကို မြင်နေတော်မူ၏။ |
| ၁၁၃။ | **وَلاَ تَرْكَنُواْ إِلَى الَّذِينَ ظَلَمُواْ فَتَمَسَّكُمُ النَّارُ وَمَا لَكُم مِّن دُونِ اللّهِ مِنْ أَوْلِيَاء ثُمَّ لاَ تُنصَرُونَ۞**<br>သင်တို့အား အပူမီး ကပ်ထိအံ့ငှာ၊ အမိုက်ကောင်များ၏ ဘက်သို့ မယိမ်းယိုင်နှင့်၊ ပရမတ်ဘုရားရှင်အား တုပြိုင်လျှက် သင်တို့အတွက် ကွပ်ကဲသူ မရှိချေ။ ကူညီနိုင်သူလည်း မရှိချေ။ |
| ၁၁၄။ | **وَأَقِمِ الصَّلاَةَ طَرَفَيِ النَّهَارِ وَزُلَفًا مِّنَ اللَّيْلِ إِنَّ الْحَسَنَاتِ يُذْهِبْنَ السَّيِّئَاتِ ذَلِكَ ذِكْرَى لِلذَّاكِرِينَ۞**<br>သင်တို့သည် နေ့၏ မျက်ခြေပြတ်မှုနှစ်ခု၌၊ ညဦးအချိန်၌ မေတ္တာဓိဋ္ဌာန် မြဲကြလော့၊ ကုသိုလ်မှုသည် အကုသိုလ်မှုကို ချေဖျက်၏။ ဤသည် သတိမှတ်သူတို့အဘို့ သတိပေါ်ပေးခြင်း ဖြစ်၏။ |

---

(၇၄၉) အစ္စလာမ်သာသနာက ထောက်ပြသော အပူမီး သို့မဟုတ်၊ ငရဲ သည် ထာဝရ ခံစားရနေရသည့် ဘုံ မဟုတ်ကြောင်းကို ဤသုတ်တော်က ထောက်ပြထားပေသည်။ မိုးများနှင့် မြေကမ္ဘာ တည်ရှိမှုသည် ကာလပိုင်းခြား သတ်မှတ်မှုရှိကြောင်း ကျမ်းတော်တွင် မြောက်များစွာ ပြောထား ပေသည်။ သုခဘုံနှင့် ငရဲဘုံသည် သတ္တဝါတို့၏ နောက်ဆုံးချုပ်ငြိမ်းရာ မဟုတ်ချေ။ နောက်ဆုံးချုပ်ငြိမ်းမှုမှာ ပရမတ်ဘုရားရှင်ထံသို့ ပေါင်းဆုံခြင်းသာ ဖြစ်သည်ဟု ကျမ်းတော်က ဆိုပေသည်။ ကာလမဲ့ အချိန်သည်မှာ Out of Time and Sapce ကို ဆိုခြင်းဖြစ်သည်၊ ၂း၃၉ တွင် ကြည့်ပါ။

| | |
|---|---|
| ၁၁၅။ | **وَاصْبِرْ فَإِنَّ اللّهَ لاَ يُضِيعُ أَجْرَ الْمُحْسِنِينَ۞**<br>သည်းခံပါရမီ ရှိကြလော့၊ ကေန်ပင် ပရမတ်ဘုရားရှင်သည် ကုသိုလ်မှုပြုသူတို့၏ အကျိုးကို အချီးနှီး မဖြစ်စေပေ။ |
| ၁၁၆။ | **فَلَوْلاَ كَانَ مِنَ الْقُرُونِ مِن قَبْلِكُمْ أُوْلُواْ بَقِيَّةٍ يَنْهَوْنَ عَنِ الْفَسَادِ فِي الأَرْضِ إِلاَّ قَلِيلاً مِّمَّنْ أَنجَيْنَا مِنْهُمْ وَاتَّبَعَ الَّذِينَ ظَلَمُواْ مَا أُتْرِفُواْ فِيهِ وَكَانُواْ مُجْرِمِينَ۞**<br>သင်တို့မတိုင်မီ ရှေးမျိုးဆက်များ အနက်၊ သူတို့မှ ငါအရှင် ကယ်နှုတ်သော အနည်းစုကဲ့သို့ ကမ္ဘာမြေ၌ အဖျက်အနှောင့်ကို မကြံစည်ဘို့ရာ တားမြစ်သော ပညာရှိများကဲ့သို့ ရှိလျှင် တော်လေစွ၊ အမိုက်ကောင်တို့သည်ကား ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများကို လိုက်နေကြ၏။ သူတို့သည် ရာဇဝတ်ကောင်များပင် ဖြစ်ကြ၏။ |
| ၁၁၇။<br>အမိုက်<br>သင့် | **وَمَا كَانَ رَبُّكَ لِيُهْلِكَ الْقُرَى بِظُلْمٍ وَأَهْلُهَا مُصْلِحُونَ۞**<br>သင်၏ ကံကြမ္မာရှင်သည် မြို့ရွာသားများ ပြုပြင်ပြောင်းလဲနေစဉ် **အဝိဇ္ဇာသင့်** တိမ်ကောစေသည် ဟူ၍ မရှိချေ။ |
| ၁၁၈။ | **وَلَوْ شَاء رَبُّكَ لَجَعَلَ النَّاسَ أُمَّةً وَاحِدَةً وَلاَ يَزَالُونَ مُخْتَلِفِينَ۞**<br>သင့်ကံကြမ္မာရှင်၏ စံချိန်ပြည့်လျှင်၊ လူသားတို့အား အသိုင်းအဝိုင်း တစ်ခုတည်း ဖြစ်စေလတ္တံ့။ သို့သော် ငြင်းခုံကွဲလွဲမှုကို ရပ်တန့်သည် ဟူ၍ မရှိကြချေ။ |
| ၁၁၉။<br>✡ ၆း၁၀၀ | **إِلاَّ مَن رَّحِمَ رَبُّكَ وَلِذَلِكَ خَلَقَهُمْ وَتَمَّتْ كَلِمَةُ رَبِّكَ لأَمْلأَنَّ جَهَنَّمَ مِنَ الْجِنَّةِ وَالنَّاسِ أَجْمَعِينَ۞**<br>သင့်ကံကြမ္မာရှင်၏ ကရုဏာသက်သူတို့ မပါဝင်ပေ။ သူတို့အား ထို့အတွက် ဖြစ်တည်စေ၏။ သင့်ကံကြမ္မာရှင်၏ ဓမ္မတော်သည်  သတ်မှတ်ပြီးဖြစ်၏။ လူသားနှင့် ပုတုဇဉ်တို့အားလုံးကို✡ ငရဲဘုံ၌ ဖြည့်ဆီးတော်မူလတ္တံ့။ |
| ၁၂၀။ | **وَكُـلاًّ نَّقُصُّ عَلَيْكَ مِنْ أَنبَاء الرُّسُلِ مَا نُثَبِّتُ بِهِ فُؤَادَكَ وَجَاءكَ فِي هَذِهِ الْحَقُّ وَمَوْعِظَةٌ وَذِكْرَى لِلْمُؤْمِنِينَ۞**<br>သင့်အား ဥာဏ်စဉ်ဆောင်များ၏ သတင်းအချက်အလက်များကို ဆင့်ပြန်သိစေခြင်းမှာ စိတ်အင်အားတိုးစေရန် ဖြစ်၏။ သင့်ထံသို့ ဤအမှန်တရားများ ရောက်ရှိလာပြီ။ ယင်းသည် ယုံကြည်သူများအတွက် အဆုံးအမနှင့် သတိယူစရာ ဖြစ်၏။ |
| ၁၂၁။ | **وَقُل لِّلَّذِينَ لاَ يُؤْمِنُونَ اعْمَلُواْ عَلَى مَكَانَتِكُمْ إِنَّا عَامِلُونَ۞**<br>မယုံကြည်သူတို့အား "သင်တို့ တတ်စွမ်းသမျှ ကျင့်ကြံကြလော့၊ ကျွန်ုပ်လည်း ကျင့်ကြံနေ၏။– |
| ၁၂၂။ | **وَانتَظِرُوا إِنَّا مُنتَظِرُونَ۞**<br>–စောင့်ကြည့်နေကြလော့၊ ကျွန်ုပ်တို့လည်း စောင့်ကြည့်နေ၏၊"ဟု ဟောလော့။ |
| ၁၂၃။ | **وَلِلّهِ غَيْبُ السَّمَاوَاتِ وَالأَرْضِ وَإِلَيْهِ يُرْجَعُ الأَمْرُ كُلُّهُ فَاعْبُدْهُ وَتَوَكَّلْ عَلَيْهِ وَمَا رَبُّكَ بِغَافِلٍ عَمَّا تَعْمَلُونَ۞**<br>မိုးများနှင့် မြေကမ္ဘာအတွင်း စကြာလွှန်များသည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာထဲ၌ ရှိ၏။ အရှင့်ထံသို့သာ ဦးလှည့်ရမည် ဖြစ်၍၊ စီမံချက် အပေါင်းသည် အရှင့်ထံမှ ဖြစ်၏။ အရှင့်ကိုသာ ကိုးကွယ်ကြလော့၊ ယုံကြည်ကိုးစားကြလော့၊ သင်၏ကံကြမ္မာရှင်သည် ကျင့်ကြံလေသမျှအား မေ့လျော့ထားသည် မဟုတ်ချေ။ |